# သမ္မာကျမ်းစာမှ မေးခွန်းပုစ္ဆာများ

# ဓမ္မဟောင်းကျမ်းနောက်ခံသမိုင်း ပုံပြင်များ

# (ဖန်းဆင်းခြင်းမှ ရှမွေလခေတ်အထိ)

Beginners (Level I)
Book 1 of 3

*by* **Rev C. Hanko**
*edited by* **J.J. Lim**
*with invaluable contributions by* **Ps. David Higgs**

January 2011 edition

Copyright © Gratia Dei Sola Media

**သမ္မာကျမ်းစာမှ မေးခွန်းပုစ္ဆာများ-ဓမ္မဟောင်းကျမ်းနောက်ခံသမိုင်းပုံပြင်များ**
**(ဖန်ဆင်းခြင်းမှ ရှမွေလခေတ်အထိ)**

**(Beginners - Book 1/3)**
by Rev C. Hanko
edited by J.J. Lim
with invaluable contributions by Ps David Higgs

Original version by Rev C. Hanko is property of the Protestant Reformed Churches of America
J.J. Lim edited version © 2011 by Pilgrim Covenant Church.
Myanmar language version © Gratia Dei Sola Media
Blk 203B, Henderson Road, #07-07, Singapore 159546.
Website: www.gdsmedia.org
Email: gdsmedia.sg@gmail.com
All rights reserved

မြန်မာဘာသာပြန်ဆိုသူ-ဇမ်လမ့်ထန် (ခ)ဒေးဗစ်
စာတိုက်သေတ္တာ ၁၀၅၇
ဗဟိုစာတိုက်ကြီး၊ ရန်ကုန်

**အသင်းတော်အတွင်း ဖြန့်ဝေရန်သာ**

# နိဒါန်း

ဤစာအုပ်သည် စာအုပ်အတွဲသုံးအုပ်ထဲမှ ပထမတွဲစာအုပ်ဖြစ်သည်။ ၎င်းထဲတွင် ခြောက်နှစ်မှ ရှစ်နှစ်အရွယ် ကလေးသူငယ်များအတွက် သမ္မာကျမ်းစာ သမိုင်းများကို ဝတ္ထုပုံစံအဖြစ် ဖွဲ့စည်းပေးထားသော အချက်အလက်များပါဝင်သည်။ ဤပထမစာအုပ်ထဲတွင် ဖန်ဆင်းခြင်းမှ တရားသူကြီးမှတ်စာအထိဖြစ်ပျက်ခဲ့သော သမိုင်းရာဇဝင်အကြောင်းများ ပါဝင်သည်။

သင်ခန်းစာတစ်ခုစီတိုင်း၏သမိုင်းအကြောင်းအရာများထဲမှ အရေးပါသောစကားစုများပါဝင်၍၊ ပြောင်မြောက်သော အဖြစ်အပျက်တစ်ခု(သို့)ဖြစ်ရပ်မှန်များအချို့တို့ကိုသာ ဖော်ပြထားပါသည်။ သင်ကြားပို့ချသောဆရာ/မများက ထိုအကြောင်းအရာများတိုင်ပင်ဆွေးနွေးသောအခါ အခြားသောမည်သည့်အကြောင်းအရာများလည်းဖြည့်စွက် မိတ်ဆက်ရမည်ကို ကြိုတင်ပြင်ဆင်ရပေမည်။သို့သော် ထိုအကြောင်းအရာသည် ကလေး သူငယ်များ အာရုံစူးစိုက်သောအခါ သူတို့သိရှိနားလည်နိုင်သော သမိုင်းအကြောင်းဖြစ်ရပေမည်။ ထို့ပြင် ပြောင်မြောက်သောအကြောင်းတစ်ခု (သို့) ဖြစ်ရပ်မှန်များကိုသာ သွန်သင်ရပေမည်။

ဘုရားသခင်၏ဘုန်းတော်ထင်ရှားဖို့ရန်အတွက် မျိုးဆက်သစ်များအား သွန်သင်ရန်နှင့် ဘုရားသခင်၏နှုတ်ကပတ်တော် သမ္မာတရားကို ကလေးသူငယ်များ၏စိတ်နှလုံးသားထဲ၌ အမြစ်တွယ်နိုင်ရန်အတွက် ကျွန်ုပ်တို့၏ပဋိညာဉ်မျိုးစေ့အပေါ် ဘုရားသခင်ကောင်းကြီးချပေးပါစေသော။

*Rev. C. Hanko*

အသင်းတော်တွင် လူငယ်များကို မေးခွန်းပုစ္ဆာများအားဖြင့် သွန်သင်ခြင်းသည် ရှေးကနဦးခေတ်မှစ၍အသုံးပြုခဲ့ပြီဖြစ်ပြီး၊ ယနေ့ထိတိုင်အသုံးပြုနေသော နည်းဗျူဟာလည်းဖြစ်သည်။ ယခုထုတ်ဝေသော စာအုပ်ငယ် စီးရီးထဲတွင် သမ္မာကျမ်းစာ၏အဓိကအချက်အလက်များနှင့်သမိုင်းများ၏ ခိုင်ခံ့သော အုတ်မြစ်များကို စုစည်းတင်ပြထားခြင်းဖြစ်သည်။ WSC ၌အသုံးပြုသည့်နည်းတူ၊ ဤစာအုပ်ငယ်တွင် ပါဝင်သောအချက်များသည် မေးခွန်းပုစ္ဆာနှင့်ပတ်သက်သော အယူဝါဒများအတွက် အခြေခံသဘောတရားများကြဖြစ်သည်။

ယခုထုတ်ဝေသော ဤကျမ်းစာဝတ္ထု မေးခွန်းများအခန်းကဏ္ဍ (ဇန်နဝါရီ ၂၀၁၁ စာတည်းဖြတ်ခြင်း)သည် စာတည်းဖြတ်သူများရရှိသောစာမူများမှ အဓိကအချက်အလက်များ နှင့် စာစီမှားယွင်းမှုများပြုပြင်ထားသော ပြင်ဆင်ချက်များစုစည်းတင်ပြထားခြင်းဖြစ်သည်။ထို့ပြင် သင်းအုပ်ဆရာ ဒေးဗစ်ဟစ်(ချ်)က စာမူများအကဲဖြတ်ဖတ်ပေး၍ သူ၏အကြံပေးချက်အရ စုစည်းထားခြင်းဖြစ်သည်။ မေးခွန်းများအတွက် စကားစုများသည် (မိဘများထံမှရရှိသော အကြံပြုချက်အရ) ကလေးငယ်များက ပို၍လွယ်ကူစွာ မှတ်မိနိုင်ရန် ပြည့်စုံလွယ်ကူသော စကားစုများကို အသုံး ပြုထားသည်။ မိဘများနှင့် သွန်သင်ပေးသောဆရာများအတွက် သင်ခန်းစာများမှန်ကန်ကြောင်း သက်သေပြ နိုင်ရန် “သက်သေထောက်ပြသောစာသား/ကျမ်းပိုဒ်” များကိုလည်း ထည့်သွင်းထားသည်။ ၎င်းတို့ကို သင်းအုပ်ဆရာ ဒေးဗစ်ဟစ်(ချ်)မှ ထပ်မံထည့်သွင်းခြင်းဖြစ်သည်။

***Ps J.J Lim***

Copyright © Gratia Dei Sola Media

သင်ခန်းစာ (၁)

## ဖန်ဆင်းခြင်းအကြောင်း

ကမ္ဘာဦးကျမ်း ၁

၁။ သင်၏ ဖန်ဆင်းရှင်သည် မည်သူဖြစ်သနည်း။
ကျွန်ုပ်၏ဖန်ဆင်းရှင်သည် ဘုရားသခင်ဖြစ်သည်။ (ကမ္ဘာ ၁း၂၇)

၂။ ဘုရားဘယ်နှစ်ပါးရှိသနည်း။
စစ်မှန်သောဘုရားသခင်တစ်ဆူတည်းရှိသည်။ (တရား ၆း၄)

၃။ ဘုရားသခင်သည် အရာခပ်သိမ်းများကို ဖန်ဆင်းခဲ့သူဖြစ်သလား။
အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းခဲ့သည်။ (ကမ္ဘာ ၁း၁)

၄။ ဘုရားသခင်သည် ပဌမနေ့၌ မည်သည့်အရာကို ဖန်ဆင်းခဲ့သနည်း။
ဘုရားသခင်သည် ပဌမနေ့၌ ကောင်းကင်နှင့်မြေကြီးကို၎င်း၊ အလင်းကို၎င်း ဖန်ဆင်းခဲ့သည်။ (ကမ္ဘာ ၁း ၁-၅)

၅။ ဘုရားသခင်သည် ဒုတိယနေ့၌ မည်သည့်အရာကို ဖန်ဆင်းခဲ့သနည်း။
ဘုရားသခင်သည် ကောင်းကင်မျက်နှာကြက်ကို ဖန်ဆင်းခဲ့သည်။ (ကမ္ဘာ ၁း၆-၈)

၆။ ဘုရားသခင်သည် တတိယနေ့၌ မည်သည့်အရာကို ဖန်ဆင်းခဲ့သနည်း။
ဘုရားသခင်သည် တတိယနေ့၌ ခြောက်သွေ့သောမြေ၊ သစ်ပင်များနှင့် ပန်းပင်များကို ဖန်ဆင်းခဲ့သည်။ (ကမ္ဘာ ၁း၉-၁၃)

၇။ ဘုရားသခင်သည် စတုတ္ထနေ့၌ မည်သည့်အရာကို ဖန်ဆင်းခဲ့သနည်း။
ဘုရားသခင်သည် စတုတ္ထနေ့၌ နေ၊ လ နှင့် ကြယ်များကို ဖန်ဆင်းခဲ့သည်။ (ကမ္ဘာ ၁း၁၄-၁၉)

၈။ ဘုရားသခင်သည် ပဉ္စမနေ့နှင့်ဆဌမနေ့များ၌ မည်သည့်အရာကို ပုံသွင်းဖန်ဆင်းခဲ့သနည်း။
ဘုရားသခင်သည် ပဉ္စမနေ့နှင့်ဆဌမနေ့များ၌ ပင်လယ်ငါးများနှင့်ငှက်များ၊ တောတိရစ္ဆာများနှင့် လူသားများကိုဖန်ဆင်းခဲ့သည်။ (ကမ္ဘာ ၁း၂၀-၃၁)

၉။ ဘုရားသခင်သည် သတ္တမမြောက်နေ့၌ မည်သည့်အရာကို လုပ်ခဲ့သနည်း။
ဘုရားသခင်သည် ငြိမ်ဝပ်စွာနေခဲ့၍၊ ကျွန်ုပ်တို့အတွက် ဥပုသ်နေ့ကို ပြင်ဆင်ပေးခဲ့သည်။(ကမ္ဘာ ၂း၂)

၁၀။ ကျွန်ုပ်တို့သည် ဖန်ဆင်းခြင်း၏အကြောင်းများကို မည်သို့သိရှိခဲ့ကြသနည်း။
ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်၊ သမ္မာကျမ်းစာအားဖြင့် ဖန်ဆင်းခြင်း၏အကြောင်းကိုဖော်ပြထားပါသည်။

*ရွှေကျမ်းချက်။ ။"ဘုရားသခင်သည် မိမိဖန်ဆင်းသမျှသော အရာတို့ကိုကြည့်ရှုလျှင်၊ အလွန်ကောင်းသည်ကို မြင်တော်မူ၏။" (ကမ္ဘာ ၁း၃၁)*



သင်ခန်းစာ (၂)

## ပါရဒိသုခဘုံတွင်ရှိသောအာဒံ

ကမ္ဘာဦးကျမ်း ၁၊ ၂

၁။ ကျွန်ုပ်တို့၏ ရှေးကနဦးဘိုးဘေးများသည် မည်သူများဖြစ်ကြသနည်း။
အာဒံနှင့်ဧဝတို့ဖြစ်ကြသည်။ (ကမ္ဘာ ၃း၂၀)

၂။ ဘုရားသခင်သည် အာဒံအား မည်သည့်အရာဖြင့်ဖန်ဆင်းခဲ့သနည်း။
ဘုရားသခင်သည် အာဒံအား မြေမှုန့်ဖြင့် ဖန်ဆင်းခဲ့သည်။ (ကမ္ဘာ ၂း၇)

၃။ အာဒံသည် အခြားသော သက်ရှိသတ္တဝါများနှင့်မည်သို့ခြားနားခဲ့သနည်း။
ဘုရားသခင်သည် သူ့အား မိမိပုံသဏ္ဍာန်တော်နှင့်အညီဖန်ဆင်းခဲ့သည်။ (ကမ္ဘာ ၁း၂၆-၂၇)

၄။ အာဒံနှင့်ဧဝတို့သည် မည်သည့်နေရာတွင် နေထိုင်ခဲ့ကြသနည်း။
အလွန်လှပသော ဧဒင်ဥယျာဉ်ထဲတွင် နေထိုင်ခဲ့ကြသည်။ (ကမ္ဘာ ၂း၈)

၅။ ဧဒင်ဥယျာဉ်တွင်ရှိသော တမူထူးခြားသောအပင်သည် မည်သည့်အပင်ဖြစ်သနည်း။
ဧဒင်ဥယျာဉ်တွင်ရှိသော တမူထူးခြားသောအပင်သည် အသက်ပင်ဖြစ်သည်။ (ကမ္ဘာ ၂း၉)

၆။ အာဒံနှင့်ဧဝတို့သည် မည်သည့်အသီးကို မစားရပဟုတားမြစ်ထားသနည်း။
အာဒံနှင့်ဧဝတို့သည် အကောင်းနှင့်အဆိုးကို သိကျွမ်းစေသောအသီးကို မစားရပဟုတားမြစ်ထားပါသည်။ (ကမ္ဘာ ၂း၁၆-၁၇)

၇။ အာဒံသည် ဧဒင်ဥယျာဉ်တွင် မည်သည့်အလုပ်ကို လုပ်ကိုင်ခဲ့သနည်း။
သူသည် ဧဒင်ဥယျာဉ်၏ရှင်ဘုရင်တစ်ပါးကဲ့သို့ ပြုစုစောင့်ထိန်းခဲ့သည်။ (ကမ္ဘာ ၂း၁၅)

၈။ အာဒံသည် ရှင်ဘုရင်တစ်ပါးဖြစ်ကြောင်း မည်သို့ ပြသခဲ့သနည်း။
သူသည် သက်ရှိသတ္တဝါများကို အမည်မှည့်ခဲ့သည်။ (ကမ္ဘာ ၂း၂၀)

၉။ အာဒံနှင့် ဧဝတို့သည် ဧဒင်ဥယျာဉ်တွင် ပျော်ရွှင်ခဲ့ကြသလား။
သူတို့သည် ဘုရားသခင်၏မေတ္တာတရားအောက်၌အစေခံကြသောကြောင့် ပျော်ရွှင်ခဲ့ကြသည်။ (Cf, ဥပမာအားဖြင့်၊ ဟေရှာယ ၅၁း၃)

၁၀။ ဧဒင်ဥယျာဉ်သည် မည်သည့်အရာကို ပုံဆောင်ထားသနည်း။
ဧဒင်ဥယျာဉ်သည် အတိုင်းထက်အလွန်လှပသော ကောင်းကင်ဘုံကို ပုံဆောင်ထားသည်။ (Cf, ဥပမာအားဖြင့် ဗျာဒိတ် ၂၂း၁-၂)

*ရွှေကျမ်းချက်။ ။"အိုအကျွန်ုပ်တို့၏ဘုရားရှင်ထာဝရဘုရား၊ ကိုယ်တော်၏နာမသည် မြေကြီးတပြင်လုံး၌အလွန်ကြီးမြတ်တော်မူသတည်း။" (ဆာလံ ၈း၉)*



Copyright © Gratia Dei Sola Media

သင်ခန်းစာ (၃)

## လူသားများကျဆုံးခြင်းအကြောင်း

ကမ္ဘာဦးကျမ်း ၃

၁။ အာဒံနှင့်ဧဝတို့သည် ဒေင်ဥယျာဉ်တွင် အမြဲနေထိုင်ခဲ့ကြသလား။
မနေထိုင်ခဲ့ကြပေ။ ဘုရားသခင်က သူတို့ကို ဒေင်ဥယျာဉ်မှနှင်ထုတ်ခဲ့သည်။ (ကမ္ဘာ ၃း၂၃-၂၄)

၂။ သူတို့သည် အဘယ်ကြောင့် ဒေင်ဥယျာဉ်မှ နှင်ထုတ်ခြင်းခံခဲ့ကြသနည်း။
သူတို့သည် ဘုရားသခင်၏စကားကို နာမခံခြင်းကြောင့်ဖြစ်သည်။(ကမ္ဘာ ၃း၁၇၊ ၂၂-၂၄)

၃။ အာဒံနှင့်ဧဝတို့သည် ဘုရားသခင်၏စကားကို မည်သို့ နာမခံခဲ့ကြသနည်း။
သူတို့သည် အကောင်းနှင့်အဆိုးသိကျွမ်းရာတားမြစ်ထားသောအသီးကို စားခဲ့ကြသည်။ (ကမ္ဘာ ၃း၆)

၄။ ထိုအပင်၏အသီးကိုစားခြင်း၌ အဘယ်ကြောင့်မှားယွင်းမှုရှိသနည်း။
ဘုရားသခင်သည် သူတို့အား ထိုအပင်၏အသီးကို မစားရန် ပညတ်ထားသောကြောင့်ဖြစ်သည်။ (ကမ္ဘာ ၂း၁၆-၁၇)

၅။ ထိုအပင်၏အသီးကို စားရန် မည်သူက ဧဝကို ဖြားယောင်းသွေးဆောင်ခဲ့သနည်း။
ကောင်းကင်မှပစ်ချခြင်းခံသောကောင်းကင်တမန်၊ ကောက်ကျစ်သော စာတန်မာန်နတ်က သူတို့ကို ဖြားယောင်းသွေးဆောင်ခဲ့သည်။ (ကမ္ဘာ ၃း၁-၅၊ cf ၂ပေ ၂း၄)

၆။ စာတန်သည် ဧဝဆီသို့ မည်သို့ရောက်ရှိလာခဲ့သနည်း။
သူသည် ဧဝကိုသွေးဆောင်ရန် မြွေကြီးသဏ္ဍာန်အသွင်ဖြင့် ရောက်ရှိခဲ့သည်။(ကမ္ဘာ ၃း၁-၅း cf ဗျာဒိတ် ၂၀း၂)

၇။ ဧဝသည် စာတန်ပြောသောစကားကို နားထောင်ခဲ့သလား။
နားထောင်ခဲ့သည်။ သူမသည် အသီးကိုစား၍ အာဒံကိုလည်းပေးကာ၊ သူသည် ထိုအသီးကို စားခဲ့သည်။ (ကမ္ဘာ ၃း၆)

၈။ သူတို့၏စကားနားမထောင်ခြင်းအားဖြင့် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
နာကျည်းခြင်းနှင့်ဝမ်းနည်းခြင်းတို့သည် ဤလောကသို့ ဝင်ရောက်လာခဲ့သည်။ (ကမ္ဘာ ၃း၁၆-၁၉)

၉။ ကျွန်ုပ်တို့သည်လည်း အာဒံအားဖြင့် သေခဲ့ကြသလား။
ကျွန်ုပ်တို့အားလုံးသည် အပြစ်တရား၌သေနေကြသည်။ (ရောမ ၅း၁၂-၂၁၊ ၁ကော ၁၅း၂၂)

၁၀။ အာဒံကျဆုံးခဲ့ပြီးနောက် ဘုရားသခင်သည် မည်သည့်ကတိတော်ကို ပေးခဲ့သနည်း။
ကျွန်ုပ်တို့၏အပြစ်မှကယ်တင်မည့်သူ ကယ်တင်ရှင်ကို ကတိပေးခဲ့သည်။ (ကမ္ဘာ ၃း၁၅)

*ရွှေကျမ်းချက်။ ။"သင်နှင့် မိန်းမကိုင်၄င်း၊ သင်၏အမျိုးအနွယ်နှင့် မိန်းမ၏အမျိုးအနွယ်ကို၄င်း၊ ငါသည် ရန်ငြိုးဖွဲ့စေမည်။ သူသည် သင်၏ခေါင်းကို ကြိတ်လိမ့်မည်။ သင်သည် သူ၏ဖနောင့်ကိုကြိတ်လိမ့်မည်ဟု မိန့်တော်မူ၏။" (ကမ္ဘာ ၃း၁၅)*



သင်ခန်းစာ (၄)

## ကာဣနက အာဗေလကို သတ်ခြင်း

ကမ္ဘာဦးကျမ်း ၄

၁။ အာဒံနှင့်ဧဝတို့၏ သားနှစ်ယောက်တို့နာမည်ကို ဖော်ပြပါ။
ကာဣနနှင့်အာဗေလ တို့ဖြစ်ကြသည်။ (ကမ္ဘာ ၄း၁-၂)

၂။ အာဗေလအကြောင်းကို သမ္မာကျမ်းစာက မည်သို့ဖော်ပြထားသနည်း။
အာဗေလသည် ဘုရားသခင်ကို ကြောက်ရွံ့ ရိုသေသောသူဟုဖော်ပြထားသည်။ (မဿဲ ၂၃း၃၅၊ ဟေဗြဲ ၁၁း၄)

၃။ အာဗေလသည် ဘုရားသခင်ကို ကြောက်ရွံ့ ရိုသေသောသူဖြစ်ကြောင်း မည်သို့ပြသခဲ့သနည်း။
သူသည် ဘုရားသခင်အားသိုးတစ်ကောင်ဖြင့်ယဇ်ပူဇော်ခဲ့သူဖြစ်သည်။ (ကမ္ဘာ ၄း၄)

၄။ ဤယဇ်ပူဇော်ခြင်းက ဘုရားသခင်အား အဘယ်ကြောင့် ကျေနပ်စေခဲ့သနည်း။
အာဗေလသည် သိုးသူငယ်တော်နှင့်အသွေးအားဖြင့် ယဇ်ပူဇော်သောကြောင့် သူ၏ယုံကြည်ခြင်းကို ဘုရားသခင်အားကျေနပ်စေခဲ့သည်။(ဟေဗြဲ ၁၁း၄၊ cf ယောဟန် ၁း၃၆)

၅။ ကာဣနအကြောင်းကို သမ္မာကျမ်းစာက မည်သို့ဖော်ပြထားသနည်း။
သူသည် ဆိုးယုတ်မိုက်မဲသောသူဖြစ်သည်ဟု ဖော်ပြထားသည်။ (ကမ္ဘာ ၄း၉-၁၀၊ cf ၁ယောဟန် ၃း၁၂)

၆။ ကာဣနသည် သူ၏ဆိုးသွမ်းမှုကို မည်သို့ထင်ရှားစေခဲ့သနည်း။
ဘုရားသခင်အား ယုံကြည်ခြင်းမရှိဘဲအသွေးမပါသော ယဇ်ပူဇော်ခြင်းအားဖြင့် သူ၏ဆိုးသွမ်းမှုကို ထင်ရှားစေခဲ့သည်။ (ကမ္ဘာ ၄း၃)

၇။ ဤအမှုသည် အဘယ်ကြောင့် ဆိုးသွမ်းခဲ့သနည်း။
အကြောင်းမှာ သူ၏အပြစ်အတွက် နောင်တရခြင်းမရှိသောကြောင့်ဆိုးသွမ်းမှုဖြစ်လာခဲ့သည်။(ကမ္ဘာ ၄း၆-၇၊ cf ဟေဗြဲ ၁၃း၁၁-၁၂၊ ၁ယောဟန် ၁း၇)

၈။ ကာဣနက သူ၏ယုတ်မာမှုကို အခြားမည်သည့်နည်းဖြင့်ထင်ရှားစေခဲ့သနည်း။
သူသည် အာဗေလကို တဝန်တိုစိတ်ဖြင့် သတ်ဖြတ်ခဲ့သည်။ (ကမ္ဘာ ၄း၈)

၉။ ဘုရားသခင်သည် ထိုအပြစ်ကြောင့် ကာဣနအား မည်သို့ဒဏ်ခတ်ခဲ့သနည်း။
ဘုရားသခင်က သူ့အား သူ၏အိမ်နှင့်မိသားစုများမှနှင်ထုတ်ခြင်းခံခဲ့သည်။ (ကမ္ဘာ ၂း၁၁-၁၂၊ ၁၆)

၁၀။ ဘုရားသခင်က အာဗေလကိုယ်စား အခြားသောသားကို ပေးခဲ့သလား။
ဘုရားသခင်က သူ့ကို ကြောက်ရွံ့ရိုသေသောသူ- ရှေသကို ပေးခဲ့သည်။ (ကမ္ဘာ ၄း၂၅)

*ရွှေကျမ်းချက်။ ။"အာဗေလသည်၊ ကာဣနပူဇော်သောယဇ်ထက်သာ၍ မြတ်သောယဇ်ကို၊ ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်အားပူဇော်၏။" (ဟေဗြဲ ၁၁း၄)*



Copyright © Gratia Dei Sola Media

သင်ခန်းစာ (၅)

## ရေလွှမ်းခြင်းမတိုင်မီ အချိန်များ

ကမ္ဘာဦးကျမ်း ၄း၁၇ - ၅း၃၂

၁။ ကာဣနသည် သူညီအာဗေလကို သတ်ပြီးနောက် မည်သည့်အရာကိုပြန်၍ပြုလုပ်ခဲ့သနည်း။
သူ၏သားသမီးများကို အပြစ်ပြုရန် ပို၍သွေးဆောင်ခဲ့သည်။ (ကမ္ဘာ ၄း၁၇-၂၄)

၂။ ကာဣန၏ဆိုးသွမ်းလှသော သားမှာ မည်သူနည်း။
သူ၏ဖခင်ကြီးကဲ့သို့ လူသတ်သမားဖြစ်သော လာမက်ဖြစ်သည်။ (ကမ္ဘာ ၄း၂၃-၂၄)

၃။ ဆိုးသွမ်းသော လာမက်၏သားများက မည်သည့်အရာကို လုပ်ကြသနည်း။
သူတို့သည် သိုးနွား တိရစ္ဆာန်များကို ထိန်းကျောင်း၍စောင်းမျိုးနှင့်နဲခရာမျိုးကို တီးမှုတ်ခဲ့ကြကာ၊သံနှင့်
ကြေးဝါတို့ဖြင့် ပစ္စည်းပစ္စယများကို ပြုလုပ်ခဲ့ကြသည်။ (ကမ္ဘာ ၄း၂၀-၂၂)

၄။ သူတို့သည် ဤအရာများကို အပြစ်ပြုရန်အတွက် အသုံးပြုခဲ့ကြသလား။
သူတို့သည် ပို၍ပို၍ဆိုးသွမ်းစွာအပြစ်ပြုသူများဖြစ်လာခဲ့ကြသည်။ (ကမ္ဘာ ၆း၅)

၅။ ရှေသ၏သားများအကြောင်းကို သမ္မာကျမ်းစာက ကျွန်ုပ်တို့အား မည်သို့ဖော်ပြထားသနည်း။
သူတို့သည် ဘုရားသခင်အား ကိုးကွယ်ရန် အတူတကွ စုရုံးခဲ့ကြသည်။ (ကမ္ဘာ ၄း၂၆)

၆။ ထိုအချိန်ကာလတွင် ဘုရားသခင်ကို ကိုးစားအသက်ရှင်သော သူသည်မည်သူဖြစ်သနည်း။
ဘုရားသခင်နှင့်အတူ လျှောက်လှမ်းအသက်ရှင်သောသူ- ဧနောက် ဖြစ်သည်။ (ကမ္ဘာ ၅း၂၄)

၇။ ဘုရားသခင်က ဧနောက်အား မည်သည့်အမှုကို ပြုရန် မိန့်မှာခဲ့သနည်း။
ဘုရားသခင်က သူ့အား ဆိုးသွမ်းသောသူများထံ ဆုံးမစကားပြောရန် မိန့်မှာခဲ့သည်။(ယုဒ ၁၄)

၈။ ဧနောက်အသက်ရှင်နေထိုင်ခဲ့သောအချိန်၌ ဆိုးသွမ်းသူများအား မည်သည့်စကားကိုပြောခဲ့သနည်း။
သူသည် ဘုရားသခင်၏စကားကို နားမထောင်သောသူများအားဒဏ်ခတ်လိမ့်မည်ဟု ပြောဆိုခဲ့သည်။
(ယုဒ ၁၅)

၉။ သူတို့သည် ဧနောက်ပြောသောစကားကို နားထောင်ခဲ့ကြသလား။
သူတို့သည် ဧနောက်ပြောသောစကားကိုနားမထောင်ခဲ့ကြသည့်အပြင် သူ့ကို သတ်ဖို့ရန် ကြံစည်ခဲ့ကြ
သည်။ (ယုဒ ၁၆း cf မဿဲ ၂၃း ၃၇၊ ၂တိ ၃း၁၂)

၁၀။ သူတို့သည် ဧနောက်ကို သတ်နိုင်ခဲ့ကြသလား။
မသတ်နိုင်ခဲ့ကြပေ။ ဘုရားသခင်က သူ့ကို ကောင်းကင်ဘုံသို့ချီဆောင်သွားခဲ့သည်။ (ကမ္ဘာ ၅း၂၄)

*ရွှေကျမ်းချက်။ ။"ဧနောက်သည် ဘုရားသခင်နှင့်အတူသွား၏။ ဧနောက်တဖန် သူသည်မရှိ၊ အကြောင်း
မူကား၊ ဘုရားသခင်သိမ်းယူတော်မူသောကြောင့်တည်း။" (ကမ္ဘာ ၅း၂၄)*



သင်ခန်းစာ (၆)

## ရေလွှမ်းမိုးခြင်း

ကမ္ဘာဦးကျမ်း ၆ - ၉

၁။ သမ္မာကျမ်းစာက နောသည် မည်သူဖြစ်ကြောင်း ဖော်ပြထားသနည်း။
သူသည် ဘုရားသခင်ကိုးစားသောသူတစ်ဦးဖြစ်ကြောင်းဖော်ပြထားသည်။ (ကမ္ဘာ ၆း၈-၉၊ ၇း၁)

၂။ ဘုရားသခင်က နောအား မည်သည့်အရာကို တည်ဆောက်ရန် မိန့်မှာခဲ့သနည်း။
သင်္ဘောကြီးကို တည်ဆောက်ရန် မိန့်မှာခဲ့ပါသည်။ (ကမ္ဘာ ၆း၁၄)

၃။ နောသည် အဘယ်ကြောင့် သင်္ဘောကြီးကို တည်ဆောက်ခဲ့ရသနည်း။
ဘုရားသခင်သည် ရေလွှမ်းမိုးစေမည်ဖြစ်သောကြောင့် နောသည် သင်္ဘောကိုတည်ဆောက်ရမည်
ဖြစ်သည်။ (ကမ္ဘာ ၆း၁၃၊ ၁၇)

၄။ နောနှင့်သားများသည် သင်္ဘောတည်ဆောက်ရန် အချိန်မည်မျှ ကြန့်ကြာခဲ့သနည်း။
နှစ်ပေါင်း တစ်ရာ့နှစ်ဆယ်ခန့် ကြန့်ကြာခဲ့သည်။ (ကမ္ဘာ ၆း၃)

၅။ နောသည် သင်္ဘောတည်ဆောက်စဉ် မည်သို့တရားကို ဟောပြောခဲ့သနည်း။
သူသည် ခရစ်တော်အကြောင်းနှင့် အပြစ်သားများနောင်တမရလျှင် ပျက်စီးမည့်အကြောင်းကို
ဟောပြောခဲ့သည်။ (၁ပေ ၃း၁၈-၂၀၊ cf ၂ပေ ၂း၅)

၆။ သင်္ဘောကြီးထဲတွင် မည်သူတွေ လွတ်မြောက်ခဲ့ကြသနည်း။
နောနှင့် သူ၏မိသားစုဝင်များသာ လွတ်မြောက်ခဲ့ကြသည်။ (ကမ္ဘာ ၇း၂၃၊ ၈း၁၆)

၇။ သင်္ဘောကြီးထဲတွင် အခြားမည်သူတွေလွတ်မြောက်ခဲ့ကြသနည်း။
နောထံ ပို့ဆောင်လာသော တိရစ္ဆာန်များအားလုံးလည်း လွတ်မြောက်ခဲ့ကြသည်။ (ကမ္ဘာ
၈း၁၆-၁၇)

၈။ ဆိုးသွမ်းသော သူများအပေါ် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
သူတို့သည် ရေလွှမ်းမိုးခြင်းအားဖြင့် ဖျက်ဆီးခြင်းခံခဲ့ပါသည်။ (ကမ္ဘာ ၇း၂၃)

၉။ ရေလွှမ်းမိုးခြင်းသည် မည်သည့် နိမိတ်လက္ခဏာကို ပုံဆောင်သနည်း။
ကမ္ဘာကုန်ဆုံးခြင်း နိမိတ်လက္ခဏာကို ပုံဆောင်သည်။ (မဿဲ ၂၄း၃၇-၃၉)

၁၀။ သက်တန့်ဟူသည် မည်သည့်အဓိပ္ပါယ်ကို ပုံဆောင်သနည်း
ဘုရားသခင်သည် သူ၏လူများကို အစဉ်သတိရ၍ ကယ်တင်မည့်အကြောင်းကို ပုံဆောင်စေခဲ့သည်။
(ကမ္ဘာ ၉း၉-၁၇)

*ရွှေကျမ်းချက်။ ။"နောမူကား၊ ထာဝရဘုရားစိတ်တော်နှင့်တွေ့သောသူဖြစ်သတည်း။" (ကမ္ဘာ ၆း၈)*



Copyright © Gratia Dei Sola Media

သင်ခန်းစာ (၇)

## ရေလွှမ်းမိုးပြီးနောက် နေ့ရက်များ

ကမ္ဘာဦးကျမ်း ၉ - ၁၁

၁။ နောသားများ၏နာမည်များကို ဖော်ပြပါ။
ရှေမ၊ ဟာမက်နှင့် ယာဖက် တို့ဖြစ်ကြသည်။ (ကမ္ဘာ ၅း၃၂၊ ၆း၁၀)

၂။ သမ္မာကျမ်းစာက ဟာမက်အကြောင်းကို မည်သို့ဖော်ပြထားသနည်း။
ဟာမက်သည် သူ၏ဖခင်ကြီးကို သရော်ခဲ့သည်ဟု ဖော်ပြထားသည်။ (ကမ္ဘာ ၉း၂၂)

၃။ နောကေ ဟာမက်၏အပြစ်ကြောင့် မည်သည့်ကျိန်ခြင်းကို မြွက်ဆိုခဲ့သနည်း။
သူက ဟာမက်၏သားသည် ကျိန်ခြင်းခံရမည်ဟု မိန့်ဆိုခဲ့သည်။ (ကမ္ဘာ ၉း၂၅)

၄။ နောကေ ရှေမ အကြောင်းကို မည်သို့ပြောဆိုခဲ့သနည်း။
သူက ဘုရားသခင်သည် ရှေမ၏ဘုရားဖြစ်လိမ့်မည်ဟု ပြောဆိုခဲ့သည်။ (ကမ္ဘာ ၉း၂၆)

၅။ နောကေ ယာဖက်ကြောင်းကို မည်သို့ပြောဆိုခဲ့သနည်း။
သူသည် ရှေမ၏ ကောင်းကြီးမင်္ဂလာကို မျှဝေခံစားလိမ့်မည်ဟု နောဧ ပြောဆိုခဲ့သည်။ (ကမ္ဘာ ၉း၂၇)

၆။ ဟာမက်မြေးတစ်ယောက်၏နာမည်ကို ဖော်ပြပါ။
မုဆိုးကြီး၊ ဆိုးသွမ်းသော နိမ်ရောဒ ဖြစ်သည်။ (ကမ္ဘာ ၁၀း၆-၉)

၇။ ထိုအချိန်တွင် လူတွေက မည်သည့်ဆိုးဝါးသော အမှုကို ပြုခဲ့ကြသနည်း။
သူတို့သည် မြို့နှင့် ရဲတိုက်ကြီးတစ်ခုကို တည်ဆောက်ရန် အစပြုခဲ့ကြသည်။ (ကမ္ဘာ ၁၁း၃-၄)

၈။ ဤဆိုးဝါးသောလူများသည် အဘယ်ကြောင့် မြို့နှင့်ရဲတိုက်ကြီးကို တည်ဆောက်ခဲ့ကြသနည်း။
သူတို့သည် အင်အားခိုင်ခံ့လို၍ တစ်နေရာတွင် အတူတကွ နေထိုင်လိုကြသောကြောင့်ဖြစ်သည်။ (ကမ္ဘာ ၁၁း၄)

၉။ သူတို့တည်ဆောက်သော ရဲတိုက်ကြီးကို အပြီးဆောက်နိုင်ခဲ့ကြသလား။
မဆောက်နိုင်ခဲ့ကြပေ။ ဘုရားသခင်က သူတို့၏စကားကို ရှုပ်ထွေးစေခဲ့သည်။ (ကမ္ဘာ ၁၁း၅-၇)

၁၀။ ထိုအရာဖြစ်ပျက်ခဲ့ပြီးနောက် ဤဆိုးဝါးသောသူများအပေါ် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
သူတို့သည် ကမ္ဘာနေရာအနှံ့အပြားသို့ ကွဲလွင့်ခဲ့ကြသည်။ (ကမ္ဘာ ၁၁း၈-၉)

*ရွှေကျမ်းချက်။ ။"ထာဝရဘုရားသည် ကြည်ညိုသော သူအပေါင်းတို့ကို စောင့်မတော်မူ၏။ မတရားသောသူအပေါင်းတို့ကိုကား၊ ဖျက်ဆီးတော်မူမည်။" (ဆာလံ ၁၄၅း၂၀)*



သင်ခန်းစာ (၈)

## ယောဘအကြောင်း

ယောဘဝတ္ထု ၁ - ၂၊ ၁၉၊ ၄၂

၁။ သမ္မာကျမ်းစာက ယောဘအကြောင်းကို မည်သို့ဖော်ပြထားသနည်း။
ယောဘသည် ဘုရားသခင်ကို ကြောက်ရွံ့ရိုသေသူဖြစ်သည်ဟု ဖော်ပြထားသည်။(ယောဘ ၁း၁၊ ၈၊ ၂း၃)

၂။ ဘုရားသခင်သည် ယောဘအား ကောင်းကြီးခံစားသောသူဖြစ်စေခဲ့သလား။
ဘုရားသခင်သည် ယောဘအား သားသမီးဆယ်ယောက်နှင့် ကျွဲ၊ နွား တိရစ္ဆာန်အများအပြားပေးခဲ့သည်။ (ယောဘ ၁း၂-၃)

၃။ မာရ်နတ်က ယောဘအပေါ် မည်သည့်ဆိုးသွမ်းမှု ပြုလိုခဲ့သနည်း။
ယောဘသည် ဘုရားသခင်ကိုကျိန်ဆဲရန် မာရ်နတ်သည် သွေးဆောင်ခဲ့သည်။ (ယောဘ ၁း ၉-၁၁)

၄။ မာရ်နတ်သည် ဤအမှုပြုနိုင်ရန် မည်သည့်နည်းဖြင့်ကြိုးပမ်းခဲ့သနည်း။
သူသည် ယောဘပိုင်ဆိုင်မှုအရာအားလုံးကို ဖျက်ဆီးခဲ့သည်။ (ယောဘ ၁း၉-၁၁)

၅။ ဘုရားသခင်သည် မာရ်နတ်အား ယောဘကို ဆန့်ကျင်နိုင်သော တန်ခိုးပေးခဲ့သလား။
ပေးခဲ့သည်။ ယောဘသည် တစ်ရက်ထဲတွင်သူ၏ကြွယ်ဝချမ်းသာမှုအားလုံးနှင့်သားသမီးများဆုံးရှုံးသွားခဲ့သည်။ (ယောဘ ၁း၁၂-၂၁)

၆။ ယောဘသည် ပို၍ဆင်းရဲဒုက္ခခံစားခဲ့သလား။
ခံစားခဲ့သည်။သူသည် အလွန်အမင်း ဖျားနာခဲ့သည်။ (ယောဘ ၂း၄-၈)

၇။ ယောဘ၏သူငယ်ချင်းသုံးယောက်တို့သည် သူ၏ဆင်းရဲဒုက္ခကို သက်သာစေခဲ့သလား။
သူတို့သည် သူ၏ဆင်းရဲဒုက္ခကို ပို၍ တိုးပွါးစေခဲ့ကြသည်။ (ယောဘ ၂း၁၁၊ cf ယောဘ ၄၂း၇-၈)

၈။ ယောဘသည် သူတို့အား မည်သို့ဖြေကြားခဲ့သနည်း။
သူက "*ကျွန်ုပ်၏ကယ်တင်ရှင်သည် အသက်ရှင်သည်ကို ငါသိသည်*" ဟုဖြေကြားခဲ့သည်။ (ယောဘ ၁၉း၂၅)

၉။ ယောဘသည် သူ၏ဆင်းရဲဒုက္ခထဲတွင် မိမိကိုယ်ကို မည်သို့ ထိန်းသိမ်းနိုင်ခဲ့သနည်း။
သူသည် အလွန်စိတ်ရှည်သည်းခံခဲ့သည်။ (ယာကုပ် ၅း၁၁)

၁၀။ ဘုရားသခင်က ယောဘ၏စိတ်ရှည်သည်းခံခြင်းအပေါ် ကောင်းကြီးချပေးခဲ့သလား။
ကောင်းကြီးချပေးခဲ့သည်။ ဘုရားသခင်က နှစ်ဆသောကြွယ်ဝခြင်းနှင့်ပို၍များပြားသော သားသမီးဆယ်ယောက်ကို ယောဘအား ချပေးခဲ့သည်။ (ယောဘ ၄၂း၁၀၊ ၁၂-၁၃)

*ရွှေကျမ်းချက်။ ။"ထာဝရဘုရားသည် ပေးတော်မူ၏။ ထာဝရဘုရားသည် ရုပ်သိမ်းတော်မူ၏။ထာဝရဘုရား၏နာမတော်သည် မင်္ဂလာရှိပါစေသတည်း။" (ယောဘ ၁း၂၁)*



Copyright © Gratia Dei Sola Media

သင်ခန်းစာ (၉)

## အာဗြဟံခါနန်ပြည်သို့ ပြောင်းရွှေ့ခြင်း

ကမ္ဘာဦးကျမ်း ၁၂ - ၁၅

၁။ ဘုရားသခင်သည် အာဗြဟံအား မည်သည့်အမှုကိုလုပ်ဆောင်ရန် မိန့်မှာခဲ့သနည်း။
ဘုရားသခင်ညွှန်ပြလတံ့သောပြည်သို့သွားရန် မိန့်မှာခဲ့သည်။ (ကမ္ဘာ ၁၂း၁)

၂။ ဘုရားသခင်က အာဗြဟံနှင့် စာရာအား မည်သည့်အရပ်မှ ခေါ်ဆောင်ခဲ့သနည်း။
ဘုရားသခင်က သူတို့ကို ခါနန်ပြည်မှ ခေါ်ဆောင်ခဲ့သည်။ (ကမ္ဘာ ၁၂း၅)

၃။ ဘုရားသခင်သည် အာဗြဟံအား မည်သည့်ကတိ ပေးခဲ့သနည်း။
ဤနယ်မြေတစ်ခုလုံးကို သူ၏သားသမီးများအား အမွေပေးအပ်မည်ဟု ကတိပေးခဲ့သည်။ (ကမ္ဘာ ၁၂း၇၊ ၁၃း၁၄-၁၅)

၄။ ခါနန်ပြည်သည် မည်သည့်အရာကို ပုံဆောင်ထားသနည်း။
ကောင်းကင်နိုင်ငံတော်ကို ပုံဆောင်ထားခြင်းဖြစ်သည်။ (ဟေဗြဲ ၁၁း၈-၁၀၊ ၁၃-၁၆)

၅။ ဘုရားသခင်က အာဗြဟံအား အခြားမည်သည့်ကတိကို ပြန်ပေးခဲ့သနည်း။
သူ၏သားသမီးများသည် ကောင်းကင်ပေါ်ရှိကြယ်များပမာ များပြားလိမ့်မည်ဟု ကတိပေးခဲ့သည်။ (ကမ္ဘာ ၁၃း၁၆၊ ကမ္ဘာ ၁၅း၅၊ ၂၂း၁၆-၁၈)

၆။ ထိုအချိန်၌ အာဗြဟံနှင့် စာရာတို့သည် သားသမီးထွန်းကားခဲ့ကြသေးသလား။
မထွန်းကားခဲ့ကြသေးပေ။ သူတို့သည် အလွန်အိုမင်းနေပြီဖြစ်သည်။ (ကမ္ဘာ ၁၅း၂-၄၊ cf ကမ္ဘာ ၁၇း၁၅-၁၇)

၇။ အာဗြဟံသည် အဘယ်ကြောင့် အဲဂုတ္တုပြည်သို့ ပြောင်းရွှေ့ခဲ့သနည်း။
ခါနန်ပြည်၌ အလွန်ပင်အစာခေါင်းပါးသောကြောင့်ဖြစ်သည်။ (ကမ္ဘာ ၁၂း၁၀)

၈။ ဘုရားသခင်သည် အာဗြဟံအား အဲဂုတ္တုပြည်သို့သွားရန် အလိုတော်ရှိခဲ့သလား။
မရှိခဲ့ပေ။ ဘုရားသခင်သည် သူ့ကို ခါနန်ပြည်၌ စောင့်ထိန်းကွယ်ကာမည်ဖြစ်မည်အကြောင်းသူ့ကို ခါနန်ပြည်၌နေထိုင်စေခဲ့သည်။ (ကမ္ဘာ ၁၂း၁၇-၁၃း၃)

၉။ အာဗြဟံသည် ဘုရားသခင်က ကောင်းချီးပေးမည်ကို မည်သို့သိရှိခဲ့သနည်း။
ဘုရားသခင်က *"အချင်းအာဗြံ၊ မစိုးရိမ်နှင့်။ ငါသည် သင်၏အကွယ်အကာဖြစ်၏။ သင်၏အကျိုးသည်ကြီးလှ၏" ဟု မိန့်တော်မူခြင်းအားဖြင့် သိရှိခဲ့သည်။ (ကမ္ဘာ ၁၅း၁)*

၁၀။ ဘုရားသခင်က ကောင်းချီးပေးမည်ဟု အာဗြဟံသည် ယုံကြည်ခဲ့သလား။
သူသည် ဘုရားသခင်ကိုအကြွင်းမဲ့ ယုံကြည်ခဲ့သည်။ (ကမ္ဘာ ၁၅း၆)

*ရွှေကျမ်းချက်။ ။"အကြောင်းမူကား၊ ဘုရားသခင်တည်ထောင်ပြုစုတော်မူသော ခိုင်ခံ့မြဲမြံသောမြို့ကို မျှော်လင့်သတည်း။" (ဟေဗြဲ ၁၁း၁၀)*



သင်ခန်းစာ (၁၀)

## လောတ သောဒုံမြို့မှ လွတ်မြောက်ခြင်း

ကမ္ဘာဦးကျမ်း ၁၃၊ ၁၉

၁။ မည်သူသည် အာဗြဟံနှင့်အတူ ခါနန်ပြည်သို့သွားရောက်ခဲ့သနည်း။
သူ၏တူ လောတနှင့်သူ၏ မယားတို့နှင့်အတူ ခါနန်ပြည်သို့သွားရောက်ခဲ့သည်။ (ကမ္ဘာ ၁၃း၁)

၂။ အာဗြဟံနှင့်လောတတို့သည် အဘယ်ကြောင့် လမ်းခွဲခဲ့ကြသနည်း။
သူတို့၏ကျွဲ၊နွားတိရစ္ဆာန်များအတွက် စားကျက်မြေများမလုံလောက်သောကြောင့်ဖြစ်သည်။ (ကမ္ဘာ၁၃း၅-၉)

၃။ လောတသည် နေထိုင်ရန်အတွက် မည်သည့်အရပ်ကို ရွေးချယ်ခဲ့သနည်း။
ဆိုးသွမ်းသောသူများနေထိုင်ရာမြို့ပတ်ဝန်းကျင်ကို ရွေးချယ်ခဲ့သည်။ (ကမ္ဘာ ၁၃း၁၀-၁၃)

၄။ လောတသည် သောဒုံမြို့၌ပျော်ရွှင်ခဲ့သလား။
မပျော်ရွှင်ခဲ့ပေ။ သို့သော် သူ၏မိဘားစုများသည် ထိုနေရာတွင် အလွန်ပျော်ရွှင်ခဲ့ကြသည်။ (ကမ္ဘာ ၁၉း၇၊ ၁၄-၁၆၊ cf ၂ပေ ၂း၆-၈)

၅။ ဘုရားသခင်က အာဗြဟံအား သောဒုံမြို့အကြောင်းကို မည်သို့ပြောခဲ့သနည်း။
ထိုဆိုးသွမ်းသောမြို့ကို ဘုရားသခင်သည် ဖျက်ဆီးမည်ဟု ပြောခဲ့သည်။ (ကမ္ဘာ ၁၈း၁၆-၃၂)

၆။ အာဗြဟံသည် သောဒုံမြို့အတွက် ဆုတောင်းခဲ့သလား။
ဆုမတောင်းခဲ့ပေ။ သူက ဘုရားသခင်ကို ကြည်ညိုသော လောတအတွက်သာ ဆုတောင်းပေးခဲ့သည်။ (ကမ္ဘာ ၁၉း၂၇-၂၉)

၇။ ဘုရားသခင်သည် လောတကို ညှာတာခဲ့သလား။
ညှာတာခဲ့သည်။ ဘုရားသခင်က ကောင်းကင်တမန်နှစ်ပါးကို လောတဆီသို့စေလွှတ်၍ သူ၏မိသားစုကို မြို့ ပြင်သို့ထွက်ပြေးစေခဲ့သည်။ (ကမ္ဘာ ၁၉း၁-၁၇)

၈။ လောတ၏မယားအပေါ် မည်သို့ဖြစ်ပျက်ခဲ့သနည်း။
သူမသည် ဆားတိုင် ဖြစ်သွားခဲ့သည်။ (ကမ္ဘာ ၁၉း၂၆)

၉။ ဤဆိုးသွမ်းသော မြို့များအပေါ် မည်သည့်အရာဖြစ်ပျက်သွားခဲ့သနည်း။
ဘုရားသခင်သည် ထိုသူတို့အပေါ် ကန့်နှင့်မီးမိုးရွာစေခဲ့သည်။ (ကမ္ဘာ ၁၉း၂၄-၂၅၊ ၂၈-၂၉)

၁၀။ သောဒုံနှင့်ဂေါမောရမြို့များပျက်ဆီးခြင်းသည် မည်သည့်လက္ခဏာကို ပုံဆောင်သနည်း။
ကမ္ဘာကုန်ဆုံးခြင်း လက္ခဏာကို ပုံဆောင်သည်။ (မဿဲ ၁၀း၁၅)

*ရွှေကျမ်းချက်။ ။"ငါသည် အလျင်အမြန်လာမည်။ငါသည်အကျိုးအပြစ်တို့ကိုဆောင်ခဲ့သည်ဖြစ်၍၊ လူအသီးသီးတို့အားမိမိတို့အကျင့်အတိုင်းဆပ်ပေးမည်။" (ဗျာဒိတ် ၂၂း၁၂)*



Copyright © Gratia Dei Sola Media

သင်ခန်းစာ (၁၁)

## ဣဇာက်အကြောင်း

ကမ္ဘာဦးကျမ်း ၁၈၊ ၂၁၊ ၂၂

၁။ ဘုရားသခင်သည် အာဗြဟံဆီသို့အဘယ်ကြောင့် သွားရောက်ခဲ့သနည်း။
စာရာသည် သားယောကျ်ား-ဣဇာက်ဖွားမြင်မည်ဟု သူ့အားကြားပြောရန် ဘုရားသခင်သည် အာဗြ
ဟံဆီသို့သွားရောက်ခြင်းဖြစ်သည်။ (ကမ္ဘာ ၁၈း၁၀)

၂။ ဘုရားသခင်သည် သူတို့အား သားယောကျ်ားရလိမ့်မည်ဟုကတိပေးသောအခါ စာရာသည် အဘယ်
ကြောင့်ရယ်မောခဲ့သနည်း။
သူမသည် အလွန်အိုမင်းနေခဲ့သောကြောင့်ဖြစ်သည်။ (ကမ္ဘာ ၁၈း၁၁-၁၂)

၃။ ဘုရားသခင်သည် စာရာအားမည်သို့ ဖြေကြားခဲ့သနည်း။
"ဘုရားသခင်မတတ်နိုင်သော အရာတစုံတခုမျှရှိသလော" ဟုဖြေကြားခဲ့သည်။ (ကမ္ဘာ ၁၈း၁၄)

၄။ မည်သူက ဣဇာက်ကို ပြက်ရယ်ပြုခဲ့သနည်း။
ဟာဂရ၏သား- ဣရှမေလက ဣဇက်ကို ပြက်ရယ်ပြုခဲ့သည်။ (ကမ္ဘာ ၂၁း၈-၉)

၅။ ဘုရားသခင်သည် ဣရှမေလကို အမျက်ထွက်ခဲ့သလော။
အမျက်ထွက်ခဲ့သည်။ သူက ဣရှမေလနှင့်ဟာဂရတို့ကို နှင်ထုတ်ရန် အာဗြဟံအားမိန့်မှာခဲ့သည်။
(ကမ္ဘာ ၂၁း၁၀-၁၂)

၆။ ဘုရားသခင်သည် အာဗြဟံအား ဣဇာက်နှင့်မည်သည့်အမှုပြုရန် မိန့်တော်မူခဲ့သနည်း။
ယဇ်ပလ္လင်တော်ပေါ်တွင် ဘုရားသခင်အား ဣဇာက်ဖြင့်ယဇ်ပူဇော်ရန် မိန့်မှာခဲ့သည်။(ကမ္ဘာ ၂၂း၂)

၇။ ဘုရားသခင်သည် မည်သည့်နေရာတွင်ဣဇာက်ဖြင့်ယဇ်ပူဇော်ခြင်းပြုရန် မိန့်မှာခဲ့သနည်း။
ယေရုရှလင်မြို့တွင်ရှိသော မောရိတောင်ပေါ်၌ ယဇ်ပူဇော်ခြင်းပြုရန် ဘုရားသခင်က မိန့်မှာခဲ့သည်။
(ကမ္ဘာ ၂၂း၂-၄၊ cf ၂ရာ ၃း၁)

၈။ အာဗြဟံသည် အဘယ်ကြောင့် သူ၏သားဖြင့် ယဇ်ပူဇော်ရန် ဆန္ဒရှိခဲ့သနည်း။
ဘုရားသခင်သည်ဣဇာက်အား သေခြင်းမှ ထမြောက်စေလိမ့်မည်ဟု အာဗြဟံယုံကြည်သော
ကြောင့်ဖြစ်သည်။ (ဟေဗြဲ ၁၁း၁၇-၁၉)

၉။ ဘုရားသခင်သည် ဣဇာက်ကိုယ်စား မည်သည့်အရာကို ပေးခဲ့သနည်း။
ချုံပုတ်ထဲတွင် ဦးချိုးညိနေသော သိုးထီးတစ်ကောင်ပေးခဲ့သည်။ (ကမ္ဘာ၂၂း၁၂-၁၃)

၁၀။ သိုးထီးသည် မည်သည့်အရာကို ပုံဆောင်ထားသနည်း။
ဘုရားသခင်၏သိုးသငယ်တော်- သခင်ယေရှုခရစ်တော်ကို ပုံဆောင်ထားသည်။ (ကမ္ဘာ ၂၂း၈၊ cf
ယောဟန် ၁း၂၉)

*ရွှေကျမ်းချက်။ ။"ဤလောက၏အပြစ်ကို ဆောင်သွားသော ဘုရားသခင်၏သိုးသငယ်ကို ကြည့်
လော့"(ယောဟန် ၁း၂၉)*



သင်ခန်းစာ (၁၂)

## ယာကုပ်အကြောင်း

ကမ္ဘာဦးကျမ်း ၂၄ - ၂၈

၁။ အာဗြဟံသည် မိမိကျွန်အားအဘယ်ကြောင့် နာခေါ်မြို့သို့စေလွှတ်ခဲ့သနည်း။
ဣဇာက်အတွက် မယားရှာဖွေပေးရန် ဖြစ်သည်။ (ကမ္ဘာ၂၄း၂-၄)

၂။ သူသည် နာခေါ်မြို့သို့ မယားရှာဖွေရန် အဘယ်ကြောင့် သွားရောက်ခဲ့သနည်း။
ဣဇာက်သည် သူတို့နေထိုင်သောအရပ်တွင် ရှိသောလူမျိုးများနှင့်အိမ်ထောင်မပြုရန် နာခေါ်မြို့သို့
မယားရှာဖွေစေခြင်း ဖြစ်သည်။ (ကမ္ဘာ ၂၄း၃)

၃။ ကျွန်သည် ဣဇက်အတွက် မယားကို မည်သို့ရှာဖွေခဲ့သနည်း။
ဘုရားသခင်က ထိုမိန်းမကို ဖော်ပြပေးရန် သူသည် ဘုရားသခင်ထံအကူအညီတောင်းခဲ့သည်။
(ကမ္ဘာ၂၄း၁၂-၁၄)

၄။ မည်သူသည် ဣဇာက်၏မယားဖြစ်ခဲ့သနည်း။
ရေဗက္ကသည် ဣဇာက်၏မယားဖြစ်ခဲ့သည်။ (ကမ္ဘာ ၂၄း၅၀-၅၁၊ ၆၇)

၅။ ဣဇာက်နှင့် ရေဗက္ကတို့သည် သားသမီး မည်မျှထွန်းကားခဲ့ကြသနည်း။
ဘုရားသခင်က သူတို့ကိုအမွှာကလေးနှစ်ယောက်ဖြစ်သောယာကုပ်နှင့်ဧသောကိုပေးခဲ့သည်။ (ကမ္ဘာ
၂၅း၂၄-၂၆)

၆။ ဤကလေးနှစ်ယောက်တို့မဖွါးမီ ဘုရားသခင်က ရေဗက္ကာဆီသို့ မည်သည့်အရာဖွင့်ပြခဲ့သနည်း။
သူသည် ယာကုပ်ကိုချစ်၍ ဧသောကိုမုန်းသည်ဟု ဖွင့်ပြခဲ့သည်။ (ကမ္ဘာ ၂၅း၂၃)

၇။ ဧသောသည် သူ၏ဆိုးသွမ်းယုတ်မာခြင်းကို မည်သို့ထင်ရှားစေခဲ့သနည်း။
သူသည် သားဦးအရာကို ပဲဟင်းလျာတစ်ခွက်ဖြင့် ရောင်းချခဲ့သည်။ (ကမ္ဘာ ၂၅း၂၉-၃၄)

၈။ ယာကုပ်သည် ကောင်းချီးရှာဖွေရာတွင် ရိုးသားမှုရှိသလား။
ရိုးသားမှုမရှိခဲ့ပေ။ သူသည် သူ၏ဖခင်ကြီးကို လှည့်ဖြားခဲ့သည်။ (ကမ္ဘာ ၂၇း၁၈-၁၉၊ ၂၄)

၉။ ယာကုပ်က သူ၏ဖခင်ကြီးအား မည်သို့လှည့်ဖြားခဲ့သနည်း။
သူသည် ဧသောအဖြစ် ဟန်ဆောင်ခဲ့သည်။ (ကမ္ဘာ ၂၇း၆-၂၇)

၁၀။ ဧသောက ယာကုပ်ကို သတ်ရန် ရှာဖွေသောအခါ မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
ယာကုပ်သည် သူ၏ဦးလေး လာဗန်ဆီသို့ ထွက်ပြေးခဲ့သည်။ (ကမ္ဘာ ၂၇း၄၂-၄၃ cf ကမ္ဘာ ၁၈း၁၀)

*ရွှေကျမ်းချက်။ ။"ဣဇက်သည်လည်း၊ ယုံကြည်ခြင်းအားဖြင့် အနာဂတ်အရာတို့ကို အမှတ်ပြု၍
ယာကုပ်နှင့် ဧသောကိုကောင်းကြီးပေး၏။" (ဟေဗြဲ ၁၁း၂၀)*



Copyright © Gratia Dei Sola Media

သင်ခန်းစာ (၁၃)

## ခါရန်ပြည်၌ ယာကုပ်

ကမ္ဘာဦးကျမ်း ၂၈ - ၃၃၊ ၃၅

၁။ ယာကုပ်သည် ခါရန်မြို့သို့သွားရာ လမ်းခရီးတွင် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
ဘုရားသခင်သည် သူ၏အိပ်မက်တွင် ထင်ရှားခဲ့သည်။ (ကမ္ဘာ ၂၈း၁၁-၁၂)

၂။ ဘုရားသခင်သည် ယာကုပ်အား အိပ်မက်ထဲတွင် မည်သည့်အရာကို ကတိပေးခဲ့သနည်း။
ဘုရားသခင်သည်သူနှင့်အတူရှိ၍ကောင်းချီးပေးမည်ဟု ကတိပေးခဲ့သည်။ (ကမ္ဘာ ၂၈း၁၃-၁၅)

၃။ ယာကုပ်သည် ခါရန်မြို့တွင် လာဗန်နှင့်အတူ မည်မျှကြာနေထိုင်ခဲ့သနည်း။
သူ၏မယားများနှင့်ကျွဲ၊ နွားတိရစ္ဆာန်များအတွက် အနှစ်နှစ်ဆယ်အလုပ်လုပ်ခဲ့သည်။(ကမ္ဘာ၃၁း၃၈၊၄၁)

၄။ ယာကုပ်မှာ မယားမည်မျှရှိခဲ့သနည်း။
လေအာနှင့် ရာခေလ တို့နှစ်ယောက်ဖြစ်ကြသည်။ (ကမ္ဘာ ၂၉း၁၆-၂၀၊၂၃-၂၅၊ ၂၇-၂၈)

၅။ ဘုရားသခင်သည် ယာကုပ်အား သားသမီးမည်မျှ ပေးခဲ့သနည်း။
သားဆယ်နှစ်ယောက်နှင့် သမီးတစ်ယောက်ပေးခဲ့သည်။(ကမ္ဘာ၃၅း၂၂-၂၆၊ cf ကမ္ဘာ ၃၀း၂၁)

၆။ လာဗန်သည် ယာကုပ်အား ကောင်းမွန်စွာ ဆက်ဆံခဲ့သလား။
မဆက်ဆံခဲ့ပေ။ လာဗန်က သူ၏လုပ်အားခကို မကြာခဏ လိမ်ညာခဲ့သည်။(ကမ္ဘာ ၂၉း၂၄-၂၅၊
၃၀း၂၆-၃၀၊ ၃၁း၇)

၇။ ယာကုပ်သည် မည်သို့ ကြွယ်ဝချမ်းသာနိုင်မည်နည်း။
ဘုရားသခင်သည် သူနှင့်အတူရှိသောကြောင့် ယာကုပ် ကြွယ်ဝချမ်းသာနိုင်သည်။ (ကမ္ဘာ ၃၀း၄၃၊
cf ကမ္ဘာ ၃၁း၉-၁၃)

၈။ ယာကုပ်က အဘယ်ကြောင့် လာဗန်ထံမှ ထွက်ခွါခဲ့သနည်း။
ဘုရားသခင်က သူ့ကိုခါနန်ပြည့်သို့ပြန်လှည့်ရန် မိန့်မှာခဲ့သောကြောင့်ဖြစ်သည်။(ကမ္ဘာ ၃၁း၁၃)

၉။ ယာကုပ်သည် ခါနန်ပြည်သို့အပြန်လမ်းခရီးတွင် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
ယာကုပ်သည် ဘုရားသခင်နှင့် လုံးထွေးခဲ့သည်။ (ကမ္ဘာ ၃၂း၂၄-၂၆)

၁၀။ ဧသောသည် ယာကုပ်ကို ပြန်တွေ့သောအခါ သတ်ခဲ့သလား။
မသတ်ခဲ့ပေ။ ဘုရားသခင်သည် ဧသောအားယာကုပ်အပေါ်မကောင်းသောအရာတစ်စုံတစ်ခုမျှ မပြုရန်
ထိန်းသိမ်းခဲ့သည်။ (ကမ္ဘာ ၃၃း၄)

*ရွှေကျမ်းချက်။ ။"ငါသည် ဘုရားသခင်ကို မျက်နှာချင်းဆိုင်၍ ဖူးမြင်ရသော်လည်း၊ အသက်ချမ်းသာပြီ။" (ကမ္ဘာ ၃၂း၃၀)*



သင်ခန်းစာ (၁၄)

## ယောသပ်အကြောင်း

ကမ္ဘာဦးကျမ်း ၂၇၊ ၃၉

၁။ ယာကုပ်က မည်သူ၏သားကို အမြတ်နိုးဆုံးခဲ့သနည်း။
ရာခေလ၏သား-ယောသပ်ကို ယာကုပ်၏အမြတ်နိုးဆုံးသားဖြစ်သည်။ (ကမ္ဘာ ၃၇း၃)

၂။ ယာကုပ်သည် ယောသပ်အပေါ်ထားရှိသောချစ်ခြင်းကို မည်သို့ထင်ရှားစေခဲ့သနည်း။
ယာကုပ်က သူ့အတွက် ရောင်စုံအင်္ကျီတစ်ထည်ဝယ်ပေးခဲ့သည်။ (ကမ္ဘာ ၂၇း၃)

၃။ ယာကုပ်သည် ယောသပ်အပေါ် အဘယ်ကြောင့် အထူးမျက်နှာသာပေးခဲ့သနည်း။
သူကယောသပ်အား သားဦးအရာကောင်းချီးမင်္ဂလာကို ပေးလိုသောကြောင့်ဖြစ်သည်။(ကမ္ဘာ၃၇း၃)

၄။ သူ၏ညီအစ်ကိုများက ဤအကြောင်းကို မည်သို့ခံစားခဲ့ကြသနည်း။
သူတို့က ယောသပ်ကို တဝန်တိုစိတ်ရှိကြ၍ အမုန်းပွါးခဲ့ကြသည်။ (ကမ္ဘာ ၃၇း၄)

၅။ မည်သည့်အရာက သူတို့အား ယောသပ်ကို ပို၍မုန်းတီးစေခဲ့သနည်း။
သူ၏ညီအစ်ကိုများက သူ့ကို ဒူးထောက်ကန်တော့ကြသည်ဟုအိပ်မက်မက်က သူတို့အား ယောသပ်ကို
ပို၍မုန်းပွါးစေခဲ့သည်။(ကမ္ဘာ ၃၇း၅-၁၁)

၆။ ညီအစ်ကိုများက ယောသပ်အပေါ် မည်သည့်အမှုကို ပြုခဲ့ကြသနည်း။
သူတို့က ယောသပ်ကို အဲဂုတ္တုပြည်သို့ကျွန်အဖြစ်ရောင်းချခဲ့ကြသည်။(ကမ္ဘာ ၃၇း၂၀-၂၈)

၇။ ညီအစ်ကိုများသည် အိမ်သို့ပြန်လာခဲ့ကြသောအခါ ယာကုပ်အားမည်သို့ လှည့်ဖြားခဲ့ကြသနည်း။
တောရိုင်းတိရစ္ဆာန်များသည် ယောသပ်ကို ကိုက်စားခဲ့ကြပြီဟု သူတို့က ယာကုပ်အား လှည့်ဖြားခဲ့
ကြသည်။ (ကမ္ဘာ ၃၇း၃၁-၃၂)

၈။ အဲဂုတ္တုပြည်တွင် ယောသပ်အပေါ် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
သူသည် ပေါတိဖါမင်းကြီး၏ အကြီးဆုံးသောကျွန်ဖြစ်လာခဲ့သည်။ (ကမ္ဘာ ၃၉း၁-၄)

၉။ ပေါတိဖါက ယောသပ်အပေါ် မည်သို့ ပြုခဲ့သနည်း။
သူသည် ယောသပ်ကို ထောင်ထဲသို့ လှောင်ထားခဲ့သည်။ (ကမ္ဘာ ၃၉း၂၀)

၁၀။ ယောသပ်သည် ပြစ်မှားခြင်း တစုံတခုမျှပြုမိခဲ့သလော။
မပြုခဲ့ပေ။ ပေါတိဖါမင်းကြီး၏မယား၏လှည့်ဖျားမှုကြောင့် မတရားစွပ်စွဲခြင်းကိုခံခဲ့ရသည်။(ကမ္ဘာ
၃၉း၇-၁၈)

*ရွှေကျမ်းချက်။ ။"သူကိုင်သောလက်နက်တို့သည် ယာကုပ်အမျိုး၌ တန်ခိုးကြီးသော ဘုရား၏လက်ဖြင့် ခိုင်မာလျက်ရှိ၏။"(ကမ္ဘာ ၄၉း၂၄)*



Copyright © Gratia Dei Sola Media

သင်ခန်းစာ (၁၅)

## ယောသပ်သည် အဲဂုတ္တုပြည်တွင် အုပ်ချုပ်သူဖြစ်ခြင်း

ကမ္ဘာဦးကျမ်း ၃၉ - ၅၀

၁။ ဘုရားသခင်သည် ထောင်ထဲတွင ယောသပ်နှင့်အတူရှိကြောင်းမည်သို့ထင်ရှားစေခဲ့သနည်း။
ထောင်မှူးသည် ယောသပ်ကို နှစ်သက်စေခဲ့သည်။ (ကမ္ဘာ ၃၉း၂၁-၂၃)

၂။ ယောသပ်နှင့်အတူ မည်သူတွေ ထောင်ထဲသို့ လှောင်ခဲ့ကြသနည်း။
ရှင်ဘုရင်၏ဖလားတော်ဝန်နှင့်စားတော်ဝန်တို့သည်လည်း ထောင်ထဲသို့လှောင်ထားခဲ့ကြသည်။(ကမ္ဘာ ၄၀း၁-၃)

၃။ ဖလားတော်ဝန်နှင့်စားတော်ဝန်တို့သည် အဘယ်ကြောင့်တစ်ရက်ထဲတွင် ဝမ်းနည်းခဲ့ကြသနည်း။
ဘုရားသခင်က သူတို့ကို အိပ်မက်တစ်ခုစီပေးသောကြောင့် ဝမ်းနည်းခဲ့ကြသည်။(ကမ္ဘာ ၄၀း၅-၆)

၄။ ဤအိပ်မက်များက သူတို့ကို စိတ်ဆင်းရဲပင်ပန်းစေသောအခါ မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
ဘုရားသခင်က အိပ်မက်များ၏အဓိပ္ပါယ်ကို ယောသပ်အားဖွင့်ပြခဲ့သည်။ (ကမ္ဘာ ၄၀း၈-၁၉)

၅။ ဘုရားသခင်သည် အခြားမည်သူ့ထံ အိပ်မက်ပေးခဲ့သနည်း။
အဲဂုတ္တုရှင်ဘုရင်-ဖါရောမင်းကြီးထံ အိပ်မက်ပေးခဲ့သည်။ (ကမ္ဘာ ၄၁း၁)

၆။ မည်သူက ရှင်ဘုရင်၏အိပ်မက်ကို အနက်ဖွင့်ပေးနိုင်ခဲ့သနည်း။
ထောင်ထဲမှအိပ်မက်အနက်ဖွင့်ပေးရန် ထုတ်ခေါ်ခြင်းခံသောယောသပ်ဖြစ်သည်။(ကမ္ဘာ၄၁း၁၄-၁၆)

၇။ ဖါရောမင်းကြီးသည် ယောသပ်အား မည်သည့်ဆုကိုချီးမြှင့်ခဲ့သနည်း။
ဖါရောမင်းကြီးသည် ယောသပ်အား နိုင်ငံအုပ်ချုပ်သူရာထူးကိုချီးမြှင့်ပေးခဲ့သည်။ (ကမ္ဘာ၄၁း၃၉-၄၄)

၈။ မည်သူများသည် ယောသပ်ဆီသို့ ရောက်လာခဲ့သနည်း။
သူ၏ညီအစ်ကိုများသည် အစာဝယ်ယူရန် ရောက်ရှိလာခဲ့ကြသည်။(ကမ္ဘာ ၄၂း၁-၆)

၉။ သူတို့က ယောသပ်ကို မှတ်မိခဲ့ကြသလား။
မမှတ်မိခဲ့ကြပေ။ ယောသပ်သည် မိမိကိုယ်ကို ဖွင့်ပြောမှသာ မှတ်မိခဲ့ကြသည်။ (ကမ္ဘာ ၄၂း၇-၈၊
cf ကမ္ဘာ၄၅း၁-၃)

၁၀။ ယာကုပ်က သူ၏သားသည် အသက်ရှင်သေးကြောင်း ကြားသိသောအခါ ဝမ်းမြောက်ခဲ့သလား။
ဝမ်းမြောက်ခဲ့သည်။ သူနှင့်သူ၏သားတို့သည် အဲဂုတ္တုပြည်၌ နေထိုင်ရန် ပြောင်းရွှေ့ခဲ့ကြသည်။
(ကမ္ဘာ ၄၅း၂၈၊ ၄၆း၃-၆၊ ၂၆၊ ၂၉-၃၀)

*ရွှေကျမ်းချက်။ ။"သင်တို့သည် ကျွန်ုပ်ကို ညှဉ်းဆဲမည် ကြံကြသော်လည်း၊ ဘုရားသခင်သည် လူများအသက် ချမ်းသာစေခြင်းငှါ ကျေးဇူးပြုမည်ကြံတော်မူ၏။"* (ကမ္ဘာ ၅၀း၂၀)



သင်ခန်းစာ (၁၆)

## မောရှေအကြောင်း

ထွက်မြောက်ရာကျမ်း ၂ - ၄

၁။ ဣသရေလလူမျိုးများသည် အဲဂုတ္တုပြည်တွင် ပျော်ရွှင်ခဲ့ကြသလား။
မပျော်ရွှင်ခဲ့ကြပေ။ ကြမ်းကြုတ်ယုတ်မာသော ရှင်ဘုရင်အာဏာရရှိကာ သူတို့ကို ကျွန်ခံစေခဲ့သည်။
(ထွက်၁း၈-၁၄)

၂။ ရှင်ဘုရင်က ဣသရေလလူမျိုးများအား မည်သို့သောလုပ်ငန်းမျိုး လုပ်ကိုင်ရန် အမိန့်ထုတ်ပြန်ခဲ့သနည်း။
သူတို့မှဖွါးမြင်လာသော ကလေးငယ်များကို မြစ်ရေထဲသို့ပစ်ချရန် အမိန့်ထုတ်ပြန်ခဲ့သည်။ (ထွက်၁း၂၂)

၃။ ဤအချိန်တွင် မည်သူ ဖွါးမြင်ခြင်းခံခဲ့သနည်း။
မောရှေခေါ် လှပသော ကလေးငယ်တစ်ယောက်ဖွါးမြင်ခဲ့သည်။(ထွက် ၂း၂၊၁၀)

၄။ သူ၏မိဘများကသူ့ကို မြစ်ရေထဲသို့ပစ်ချခဲ့ကြသလား။
မပစ်ချခဲ့ကြပေ။ သူ၏မိခင်ကြီးက မောရှေကို ခြင်းတောင်းထဲတွင်ထည့်၍ မြစ်ရေထဲ၌ မျှောပါ
စေခဲ့သည်။ (ထွက် ၂း၃)

၅။ မောရှေ၏မိခင်ကြီးက ခြင်းတောင်းကို အဘယ်ကြောင့် မြစ်ရေထဲသို့မျှောပါစေခဲ့သနည်း။
ရှင်ဘုရင်၏သမီးတော် မြင်တွေ့နိုင်ရန်အတွက် ဖြစ်ပါသည်။ (ထွက် ၂း၅-၉)

၆။ ရှင်ဘုရင်၏သမီးတော်က မောရှေကို အိမ်သို့ သယ်သွားခဲ့သလား။
သယ်သွားခဲ့သည်။ သို့သော် မောရှေကို ငယ်ရွယ်စဉ်ကာလပတ်လုံး စောင့်ထိန်းရန်အတွက်
သူ၏မိခင်အား ငွေကြေးဖြင့်ငှါးရမ်းခဲ့သည်။ (ထွက် ၂း၉-၁၀)

၇။ မောရှေသည် နန်းတော်တွင် အမြဲနေထိုင်ရန် ဆန္ဒရှိခဲ့သလား။
မရှိခဲ့ပေ။ မောရှေသည် ဘုရားသခင်၏လူများကို ကူညီရန် ဆန္ဒရှိခဲ့သည်။ (ထွက်၂း၁၁-၁၅ cf
ဟေဗြဲ ၁၁း၂၄-၂၅)

၈။ မောရှေသည် ဘုရားသခင်၏လူများကို ကူညီရန် မည်သို့ကြိုးပမ်းခဲ့သနည်း။
သူသည် အဲဂုတ္တုလူတစ်ဦးကို သတ်ခဲ့၍ မိဒျန်ပြည်သို့ တိမ်းရှောင်ထွက်ပြေးခဲ့သည်။(ထွက်၂း၁၁-၁၅)

၉။ မိဒျန်ပြည်တွင် မည်သူသည် မောရှေထံ ထင်ရှားခဲ့သနည်း။
ဘုရားသခင်သည် လောင်ကျွမ်းနေသောချုံပုတ်အားဖြင့် မောရှေထံ ထင်ရှားခဲ့သည်။ (ထွက်၃း၂-၄)

၁၀။ ဘုရားသခင်က မောရှေအား မည်သည့်အရာကို လုပ်ဆောင်ရန် မိန့်မှာခဲ့သနည်း။
အဲဂုတ္တုပြည်သို့ပြန်လှည့်ကာ ဣသရေလလူမျိုးများကို ထိုပြည်မှ ခေါ်ထုတ်ရန် မိန့်မှာခဲ့သည်။
(ထွက် ၃း၇-၁၀)

*ရွှေကျမ်းချက်။ ။"မောရှေသည် ယုံကြည်ခြင်းစိတ်ရှိ၍ အသက်အရွယ်ကြီးလာသောအခါ ဖါရောဘုရင် သမီး၏သားဟူ၍ ခေါ်ဝေါ်ခြင်းအခွင့်ကို ပယ်၏။" (ဟေဗြဲ ၁၁း၂၄)*



Copyright © Gratia Dei Sola Media

သင်ခန်းစာ (၁၇)

## ဣသရေလလူမျိုးများ လွတ်မြောက်လာခြင်း

ထွက်မြောက်ရာကျမ်း ၅ - ၁၄

၁။ မောရှေသည် ဖါရောရှင်ဘုရင်အား မည်သည့်အရာကို တောင်းဆိုခဲ့သနည်း။
*"ထိုကြောင့်၊ ငါ့လူများကို လွှတ်လော့ ဟု ဣသရေလလူမျိုး၏ဘုရားသခင်သည် မိန့်ဆိုခဲ့သည်"*
ဟု မောရှေက ဖါရောရှင်ဘုရင်အားတောင်းဆိုခဲ့သည်။ (ထွက် ၅း၁)

၂။ ဖါရောဘုရင်သည် ဘုရားသခင်၏အမိန့်တော်ကို ကြားသောအခါ မည်သည့်အရာကို လုပ်ဆောင်ခဲ့သနည်း။
ဖါရောဘုရင်သည် လူများကို သာ၍ခက်ထန်သောလုပ်ငန်းများလုပ်ဆောင်စေခဲ့သည်။(ထွက်၅း၂၄-၉)

၃။ ဘုရားသခင်သည် အဲဂုတ္တုလူများအပေါ် မည်သည့်အရာကို စေလွှတ်ခဲ့သနည်း။
ကြီးမားသော ကာလဘေးဆိုးကြီးဆယ်ခုကို စေလွှတ်ခဲ့သည်။ (ထွက် ၉း၁၃-၁၄)

၄။ ကာလနာဘေးဆိုးကြီးအားလုံးသည် ဣသရေလလူမျိုးများအပေါ် သက်ရောက်ခဲ့သလား။
မသက်ရောက်ခဲ့ပေ။ ဘုရားသခင်က သူ၏လူများကို စောင့်ထိန်းကြောင်း ထင်ရှားစေခဲ့သည်။ (ဥပမာ အားဖြင့်၊ ထွက် ၉း၂၃-၂၆)

၅။ နောက်ဆုံးသော ကပ်ဆိုးကြီးရောက်လာသောအခါ ဣသရေလလူမျိုးများသည် မည်သည့်ပွဲကို ကျင်းပခဲ့ကြသနည်း။
သူတို့သည် ပသခါပွဲတော်ကို သုံးဆောင်ခဲ့ကြသည်။ (ထွက် ၁၂း၂၁-၃၀)

၆။ နောက်ဆုံးသော ကပ်ဆိုးကြီးသည် မည်သည့်အရာဖြစ်သနည်း။
အဲဂုတ္တုလူများ၏ သားဦးအားလုံးကိုသေစေသောကပ်ဆိုးကြီးဖြစ်သည်။ (ထွက် ၁၂း၂၉)

၇။ အဲဂုတ္တုလူများသည် ဣသရေလလူမျိုးများ ထွက်ခွါခြင်းကို မြင်တွေ့သောအခါဝမ်းမြောက်ခဲ့ကြသလား။
ဝမ်းမြောက်ခဲ့ကြသည်။ သူတို့က လက်ဆောင်ပဏ္ဏာများပေးခဲ့ကြသည်။(ထွက်၁၂း၃၃၊ ၃၅-၃၆)

၈။ ဖါရောဘုရင်က ဣသရေလလူမျိုးများအား ငြိမ်ဝပ်စွာ သွားခွင့်ပြုခဲ့သလား။
မပြုခဲ့ပေ။ သူက သူ၏ရဲဘော်များနှင့်အတူ သူတို့နောက်မှလိုက်လံစေခဲ့သည်။ (ထွက် ၁၄း၄-၉)

၉။ ဘုရားသခင်သည် ဣသရေလလူများကို ဖါရောဘုရင်လက်မှ ကယ်တင်ခဲ့သလား။
ကယ်တင်ခဲ့သည်။ သူက ပင်လယ်နီကို ခြောက်သွေ့သောမြေဖြစ်စေခြင်းအားဖြင့် ဖြတ်သန်းခွင့်ပေး ခဲ့သည်။(ထွက် ၁၄း၁၃-၁၄၊ ၂၁-၂၂၊ ၂၉-၃၀)

၁၀။ ဖါရောဘုရင်အပေါ် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
ဖါရောဘုရင်နှင့်သူ၏ရဲဘော်များသည် ပင်လယ်ထဲသို့ နစ်မြုပ်ခဲ့ကြသည်။(ထွက်၁၄း၁၆-၁၇၊၂၃-၂၈)

*ရွှေကျမ်းချက်။ ။"ထိုအသွေးကို ငါမြင်သောအခါ သင်တို့ကို ငါလွှန်သွားမည်။"* (ထွက် ၁၂း၁၃)



သင်ခန်းစာ (၁၈)

## သဲကန္တာရတွင် ဣသရေလလူမျိုးများ

၁။ ဘုရားသခင်သည် ဣသရေလလူမျိုးများအား သဲကန္တာရတွင် မည်သို့လမ်းပြခဲ့သနည်း။
နေ့အချိန်၌တိမ်တိုက်အားဖြင့်၄င်း၊ ညအချိန်၌ မီးတိုင်အားဖြင့်၄င်းလမ်းပြခဲ့သည်။(ထွက်၁၃း၂၁-၂၂)

၂။ ဘုရားသခင်က ဣသရေလလူမျိုးများကို မည်သို့ ကျွေးမွေးခဲ့သနည်း။
သူက ကောင်းကင်ပေါ်မှမန္နမုန့်ရွာသွန်းစေပြီး၊ကျောက်ဆောင်မှ ရေထွက်စေဖြင်းအားဖြင့် ကျွေး မွေးခဲ့သည်။(ထွက် ၁၆း၁၃-၁၅၊ ၁၇း၅-၆)

၃။ ဘုရားသခင်သည် ဣသရေလလူမျိုးများအား သဲကန္တာရတွင် မည်သို့ဝတ်ဆင်စေခဲ့သနည်း။
သူက သူတို့၏အဝတ်အစားနှင့်ဖိနပ်များကို ပျက်စီးခြင်းမှ ကာကွယ်ပေးခဲ့သည်။(တရား ၂၉း၅)

၄။ ဘုရားသခင်က ဣသရေလလူမျိုးများအား သိနာတောင်ပေါ်တွင် မည်သည့်အရာကို ပေးခဲ့သနည်း။
ဘုရားသခင်သည် ဣသရေလလူမျိုးများအား ပညတ်တော်ပေးခဲ့သည်။(ထွက်၂၄း၁၂၊ Cf ထွက်၂၀း၁-၁၇၊ တရား ၅း၆-၂၁)

၅။ ဘုရားသခင်က မောရှေအား မည်သည့်အရာကို တည်ဆောက်ရန် မိန့်မှာခဲ့သနည်း။
ဘုရားသခင်ကို ဝတ်ပြုရန်အတွက် တဲတော်ကို တည်ဆောက်ရန် မိန့်မှာခဲ့သည်။(ထွက်၂၅း၁-၉)

၆။ ဣသရေလလူမျိုးများသည် သိနာတောင်ပေါ်တွင် မည်သို့အပြစ်ပြုခဲ့ကြသနည်း။
သူတို့သည် နွားသူငယ်ရုပ်တုကိုပြုလုပ်ပြီး ကိုးကွယ်ခဲ့ကြသည်။(ထွက်၃၂း၁၉-၂၄)

၇။ သူတို့သည် သဲကန္တရတွင် အခြားမည်သည့်အပြစ်များကို လွန်ကျူးခဲ့ကြသနည်း။
သူတို့သည် အမဲသားကို တောင့်တခဲ့ကြ၍ ဘုရားသခင်သည် သူတို့ကို ရေမပေးနိုင်ဟု ထင်ခဲ့သောအပြစ် ကိုလွန်ကျူးခဲ့သည်။(တော ၂၀း၁-၅၊ ၂၁း၅)

၈။ ဣသရေလလူမျိုးများသည် ခါနန်ပြည်အနီးသို့ရောက်ကြသောအခါ မောရှေက မည်သည့်အရာကိုလုပ် ဆောင်ခဲ့သနည်း။
မောရှေသည် နယ်မြေကို စုံစမ်းရန် သူလျှိုဆယ်နှစ်ယောက်တို့ကို စေလွှတ်ခဲ့သည်။(တော၁၃း၁-၂၀)

၉။ ဤသူလျှိုဆယ်နှစ်ယောက်တို့က ကောင်းသောသတင်းကို ယူဆောင်ခဲ့ကြသလား။
သူလျှိုနှစ်ယောက်ကသာ ယူဆောင်ခဲ့ကြသည်။ သို့သော်အခြားသောသူများက လူတွေကို ကြောက် လန့်ခဲ့ကြသည်။ (တော ၁၃း၃၀-၃၃၊ ၁၄း၆-၉)

၁၀။ ဣသရေလလူမျိုးများသည် ဆိုးသောသတင်းကိုကြားကြသောအခါ မည်သည့်အရာကို လုပ်ခဲ့ကြသနည်း။
သူတို့သည် အဲဂုတ္တုပြည်သို့ ပြန်လှည့်ရန် ဆန္ဒရှိခဲ့ကြသည်။ (တော ၁၄း၁-၄)

*ရွှေကျမ်းချက်။ ။"ကောင်းကင်ဘုံအရှင်ဘုရားသခင်၏ ဂရုဏာတော်အစဉ်အမြဲတည်သောကြောင့်၊ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြလော့။" (ဆာလံ ၁၃၆း၂၆)*



Copyright © Gratia Dei Sola Media

သင်ခန်းစာ (၁၉)

## သဲကန္တာရတွင် ဣသရေလလူမျိုးများ (အဆက်)

၁။ ဘုရားသခင်သည် ဣသရေလလူမျိုးများအဲဂုတ္တုပြည်သို့ပြန်လှည့်လိုကြသောအခါ မည်သို့ဒဏ်ခတ်ခဲ့သနည်း။
ဘုရားသခင်သည် သူတို့ကို သဲကန္တာရတွင်နှစ်ပေါင်း ၄၀တိုင်တိုင် လမ်းပျောက်စေခဲ့သည်။(တော ၁၄း၂၀-၃၄)

၂။ ကောရ၊ ဒါသန်နှင့် အဘိရံတို့သည် မည်သို့ဒဏ်ခံခဲ့ကြသနည်း။
မြေကြီးကွဲအက်လျက် သူတို့ကို မျိုချခဲ့သည်။ (တော ၁၆း၂၃-၃၄)

၃။ ဣသရေလလူမျိုးများသည် မန္နကို ညည်းတွားကြသောအခါ မည်သည့်အရာဖြစ်ပျက်သွားခဲ့သနည်း။
ဘုရားသခင်သည် မြွေဆိုးများကို စေလွှတ်သဖြင့် လူအများအပြားကိုကိုက်သတ်ခဲ့သည်။(တော၂၁း၅-၆)

၄။ ဣသရေလလူမျိုးများသည် မြွေဆိုးများကိုက်သတ်ခြင်းမှ မည်သို့လွတ်မြောက်ခဲ့ကြသနည်း။
သူတို့သည် မောရှေတင်မြောက်သော ကြေးမြွေရုပ်ကို ကြည့်ခြင်းအားဖြင့်လွတ်မြောက်ခဲ့ကြသည်။ (တော ၂၁း ၈-၉)

၅။ မည်သူက ဣသရေလလူမျိုးများကို ဖျက်ဆီးရန် ကြိုးပမ်းခဲ့သနည်း။
မောဘရှင်ဘုရင် ဗာလက်မင်းကဣသရေလလူမျိုးများကိုဖျက်ဆီးရန်ကြိုးပမ်းခဲ့သည်။(တော၂၂း၁-၄)

၆။ ဗာလက်မင်းသည် ဣသရေလလူမျိုးများကို ဖျက်ဆီးရန် မည်သို့ကြိုးပမ်းခဲ့သနည်း။
သူသည် ပရောဖက်ဗာလမ်ထံ ဣသရေလလူမျိုးများကို ကျိန်ဆဲစေခဲ့သည်။ (တော၂၂း၅-၆)

၇။ ဗာလမ်က ဣသရေလလူမျိုးများအား ကျိန်ဆဲခဲ့သလား။
မကျိန်ဆဲခဲ့ပေ။ ဘုရားသခင်က ဗာလမ်အား ဣသရေလလူမျိုးများကို ကောင်းကြီးပေးစေခဲ့သည်။ (တော၂၃း၇-၁၂၊ ၁၅-၁၉၊ ၂၄း၂-၁၀)

၈။ မည်သည့်ရှင်ဘုရင်များက ဣသရေလလူမျိုးများကို တိုက်ခိုက်ခဲ့ကြသနည်း။
ဗာရှန်ရှင်ဘုရင် ဩဃနှင့် အာမောရိရှင်ဘုရင်ရှိဟုန်မင်းတို့က ဣသရေလလူမျိုးများကို တိုက်ခိုက်ခဲ့ကြသည်။ တော၂၁း၂၃-၂၄၊၃၃-၃၅)

၉။ မောရှေသည် ဣသရေလလူမျိုးများအား ခါနန်ပြည်သို့အရောက်ပို့ဆောင်ခဲ့သလား။
မပို့ဆောင်ခဲ့ပေ။ သို့သော် ဘုရားသခင်သည် သူ့မသေမီနေဗောတောင်မှ ခါနန်ပြည်ကိုပြသခဲ့သည်။ (တရား ၃၄း၁-၆)

၁၀။ မောရှေသည် အဘယ်ကြောင့် ခါနန်ပြည်သို့ မဝင်ရောက်နိုင်ခဲ့သနည်း။
ဘုရားသခင်သည် သူ့အား ကျောက်ဆောင်ရိုက်ရန် ပြောသောအခါ သူသည် စိတ်ဒေါသဖြင့်ရိုက်သောကြောင့်ဖြစ်သည်။ (တော ၂၀း၁၂)

*ရွှေကျမ်းချက်။ ။"မောရှေသည် တော၌မြွေကို မြှောက်ထားသကဲ့သို့၊ လူသားသည် မြှောက်ထားခြင်းကိုခံရမည်။" (ယောဟန် ၃း၁၄)*



သင်ခန်းစာ (၂၀)

## ဣသရေလလူမျိုးများ ခါနန်ပြည်သို့ဝင်ရောက်ခြင်း

ယောရှုမှတ်စာ ၁ - ၁၀

၁။ မောရှေသေသွားခဲ့ပြီးနောက် မည်သူက ဣသရေလလူမျိုးများကို ဦးဆောင်ခဲ့သနည်း။
မောရှေလက်ထောက်ဖြစ်သော ယောရှုက ဦးဆောင်ခဲ့သည်။(ယောရှု ၁း၁-၂)

၂။ ယောရှုသည် ယေရိခေါ်မြို့အနီးသို့ရောက်ကြသောအခါ မည်သည့်အရာလုပ်ဆောင်ခဲ့သနည်း။
ယောရှုသည် မြို့ကိုစုံစမ်းရန် သူလျှိုနှစ်ယောက်ကို စေလွှတ်ခဲ့သည်။ (ယောရှု ၂း၁)

၃။ ဣသရေလလူမျိုးများသည် ယောဒန်မြစ်ကို မည်သို့ဖြတ်သန်းခဲ့ကြသနည်း။
ဘုရားသခင်သည် သူတို့၏ရှေ့တွင် မြစ်ရေခန်းခြောက်စေခဲ့သည်။(ယောရှု ၃း၁၁-၁၇)

၄။ သူတို့သည် မြို့ကိုသိမ်းပိုက်ရန် မည်သို့လုပ်ဆောင်ရကြမည်နည်း။
ဘုရားသခင်က သူတို့အား မြို့ကို ခုနစ်ရက်ပတ်လုံး လှည့်လည်ရန် မိန့်မှာခဲ့သည်။(ယောရှု ၆း၁-၄၊ ၁၅-၁၆)

၅။ သူတို့သည် ယေရခေါ်မြို့ကို မည်သို့ ဝင်ရောက်ခဲ့ကြသနည်း။
ဘုရားသခင်သည် မြို့ရိုးကို ပြိုကျစေခဲ့သည်။ (ယောရှု ၆း၅၊ ၂၀)

၆။ ဣသရေလလူမျိုးများသည် ယေရိခေါ်မြို့တွင်ရှိသောသူအားလုံးသတ်ခဲ့ကြသလား။
ရာခပ်နှင့်သူမမိသားစုများသည် သူလျှိုနှစ်ယောက်တို့ကို ဖွက်ထားသောကြောင့် သူတို့ကို မသတ်ဘဲ တခြားသူအားလုံးကို သတ်ဖြတ်ခဲ့သည်။(ယောရှု ၆း၂၁-၂၅)

၇။ ဣသရေလလူမျိုးများသည် ပထမအကြိမ်တွင် အဘယ်ကြောင့် အာဣမြို့ကို မသိမ်းပိုက်နိုင်ခဲ့ကြသနည်း။
အာခန်သည် ယေရိခေါ်မြို့မှပစ္စည်းအချို့တို့ကို ဖွက်ထားခဲ့သောကြောင့်ဖြစ်သည်။(ယောရှု ၇း၁၊ ၁၀-၁၁၊ ၂၀-၂၁)

၈။ အာခန်ကို မည်သို့ဒဏ်ခတ်ခဲ့ကြသနည်း။
သူနှင့်သူ၏မိသားစုများကို ကျောက်ခဲဖြင့်ပစ်ပေါက်၍မီးရှို့ခဲ့ကြသည်။(ယောရှု ၇း၂၅)

၉။ ဘုရားသခင်သည် သူ၏လူမျိုးများစစ်ဆင်နွှဲသောအခါ အခြားသောနည်းလမ်းအားဖြင့် မည်သို့အထူးကူညီခဲ့သနည်း။
ဘုရားသခင်သည် နေနှင့်လတွေကိုတောင် ရပ်တန့်စေခဲ့သည်။(ယောရှု ၁၀း၁၂-၁၃)

၁၀။ ဘုရားသခင်သည် ဣသရေလလူမျိုးများအား အဘယ်ကြောင့်ခါနန်ပြည်ကို ပေးအပ်ခဲ့သနည်း။
ကောင်းကင်နိုင်ငံတော်ကို ပုံဆောင်ထားသောကြောင့်ဖြစ်သည်။(Cf ဟေဗြဲ ၁၁း၈-၁၀၊ ၁၃-၁၆)

*ရွှေကျမ်းချက်။ ။"ငါနှင့်ငါ့အိမ်သားဖြစ်လျှင် ထာဝရဘုရားကိုသာ ဝတ်ပြုမည်ဟုဆိုလေ၏။" (ယောရှု ၂၄း၁၅)*



Copyright © Gratia Dei Sola Media

သင်ခန်းစာ (၂၁)

## ဧဟုဒနှင့်ဒေဗောရတို့အကြောင်း

တရားသူကြီးမှတ်စာ ၃ - ၅

၁။ ယောရှုသေသွားခဲ့ပြီးနောက် ဣသရေလလူမျိုးများသည် ဘုရားသခင်ကို ကိုးကွယ်ခဲ့ကြသလား။
မဆည်းကပ်ခဲ့ကြပေ။ သူတို့သည် ဘုရားသခင်ကို မေ့လျော့၍ ရုပ်တုကို ကိုးကွယ်ခဲ့ကြသည်။
(သူကြီး ၃း၅-၇)

၂။ ဣသရေလလူမျိုးများသည် မည်သို့ဒဏ်ခတ်ခြင်းကိုခံခဲ့ကြသနည်း။
ဘုရားသခင်သည် ဣသရေလလူမျိုးများကို ရန်သူများလက်အောက်သို့ အပ်နှံခဲ့သည်။(သူကြီး ၃း၈)

၃။ ဘုရားသခင်သည် သူတို့ကို ကူညီခဲ့သလား။
ကူညီခဲ့သည်။ ဘုရားသခင်ကသူတို့ကိုနောတရစေခဲ့ပြီး၊ သူတို့ကို ကူညီရန် တရားသူကြီးများကို
စေလွှတ်ခဲ့သည်။(သူကြီး ၃း၉-၁၁)

၄။ ဣသရေလလူမျိုးများကိုအုပ်ချုပ်ရန် ခါနန်ပြည်သို့ရောက်ရှိလာသောရှင်ဘုရင်တစ်ပါးကို ဖော်ပြပါ။
မောဘရှင်ဘုရင် ဧဂလုန်ဖြစ်သည်။ (သူကြီး ၃း၁၂-၁၄)

၅။ ဣသရေလလူမျိုးများသည် မောဘလူမျိုးများလက်မှ မည်သို့လွတ်မြောက်ခဲ့ကြသနည်း။
တရားသူကြီး ဧဟုဒက ဧဂလုန်ကို သန်လျက်ဖြင့် သတ်ခြင်းအားဖြင့် လွတ်မြောက်ခဲ့ကြသည်။
(သူကြီး ၃း၁၅-၂၆)

၆။ ခါနန်လူမျိုးများက ဣသရေလလူမျိုးများအုပ်ချုပ်သည့်အချိန်တွင်နရာသူကြီးသည် မည်သူဖြစ်သနည်း။
ပရောဖက်မဖြစ်သော ဒေဗောရဖြစ်သည်။(သူကြီး ၄း၂-၄)

၇။ သူမသည် ခါနန်လူမျိုးများကို တိုက်ခိုက်ရန် မည်သူ့ကို စေလွှတ်ခဲ့သနည်း။
သူမနှင့်အတူမသွားလျှင် မသွားဘူး ဟုပြောဆိုသော ဗာရက်ကို စေလွှတ်ခဲ့သည်။(သူကြီး ၄း၆-၉)

၈။ ခါနန်လူမျိုးများမှာ ခိုင်ခံ့သောစစ်အင်အားရှိခဲ့ကြသလား။
ရှိခဲ့သည်။ သူတို့မှာ စစ်တိုက်မြင်းများနှင့် ရထားများရှိခဲ့ကြသည်။(သူကြီး ၄း၁၃၊ ၅း၂၂)

၉။ ဘုရားသခင်က ဗာရက်အား မည်သို့အောင်မြင်ခြင်းပေးခဲ့သနည်း။
ဘုရားသခင်ကဗာရက်၏ရဲဘော်များ ပြင်းထန်စွာတိုက်ခိုက်နိုင်ရန်အတွက်စစ်တပ်အင်အား
ခိုင်ခံ့စေခဲ့သည်။ (သူကြီး ၄း၁၄-၁၅၊ ၅း၁၂-၂၃)

၁၀။ ခါနန်စစ်ဗိုလ်ကြီး သိသရအပေါ် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
သူသည် မိန်းမတစ်ဦး၏တဲတွင် ပုန်းအောင်းနေစဉ် သတ်ဖြတ်ခြင်းခံခဲ့သည်။(သူကြီး ၄း၁၇-၂၁၊
၅း၂၄-၂၇)

*ရွှေကျမ်းချက်။ ။"ဆင်းရဲခံရသောအခါ ထာဝရဘုရားကို အော်ဟစ်၍ ဆင်းရဲဒုက္ခထဲက ကယ်တင်တော်မူ၏။"(ဆာလံ ၁၀၇း၁၉)*



သင်ခန်းစာ (၂၂)

## ဂိဒေါင်အကြောင်း

တရားသူကြီးမှတ်စာ ၆ - ၈

၁။ မိဒျန်လူများက ဣသရေလလူမျိုးများကို နှစ်ပေါင်းမည်မျှကြာ အုပ်ချုပ်ခဲ့သနည်း။
နှစ်ပေါင်း ခုနစ်နှစ်တိုင်တိုင်အုပ်ချုပ်ခဲ့သည်။ (သူကြီး ၆း၁)

၂။ သူတို့သည် ဣသရေလလူမျိုးများကို မည်သို့နှောင့်ယှက်ခဲ့ကြသနည်း။
သူတို့သည် ဣသရေလလူမျိုးများ၏ မြေအသီးအနှံများကိုခိုးယူခဲ့ကြသည်။(သူကြီး ၆း၂-၆)

၃။ ဘုရားသခင်သည် ဂိဒေါင်အား မည်သည့်အရာပြုလုပ်ဆောင်ရန်စေခိုင်းခဲ့သနည်း။
ဗာလဘုရား၏ယဇ်ပလ္လင်အားဖြိုဖျက်၍ထာဝရဘုရားသခင်အဖို့ယဇ်ပလ္လင်တည်ရန် ဂိဒေါင်အား
မိန့်မှာခဲ့သည်။(သူကြီး ၆း၂၅-၂၆)

၄။ ဂိဒေါင်သည် ဣသရေလလူမျိုးများအားကယ်တင်ရန် မည်သို့အစပြုခဲ့သနည်း။
သူက မိဒျန်လူမျိုးများအားတိုက်ခိုက်ရန် ကြီးမားသောစစ်တပ်များ စေလွှတ်ခဲ့သည်။(သူကြီး ၆း၃၄-
၃၅၊၇း၃)

၅။ ဘုရားသခင်သည် ဂိဒေါင်အားကြီးမားသောစစ်အင်အားရှိရန် အလိုတော်ရှိခဲ့သလား။
မရှိခဲ့ပေ။ သူက ဣသရေလလူမျိုးများအား ဘုရားသခင်က အောင်မြင်ခြင်းပေးနိုင်ကြောင်း သိစေ
လိုသည်။ (သူကြီး ၇း၂)

၆။ နောက်ဆုံးတွင် ဂိဒေါင်မှာ စစ်အင်အား မည်မျှ ကျန်ခဲ့သနည်း။
အယောက် ၃၀၀ သာကျန်ခဲ့သည်။ (သူကြီး ၇း၄-၇)

၇။ ဂိဒေါင်၏စစ်တပ်များက ရန်သူကိုချေမှုန်းတိုက်ခိုက်ရန် မည်သို့ပြင်ဆင်ခဲ့ကြသနည်း။
လူတိုင်းက တံပိုးတလုံးနှင့်မီးခွက်ပါသောအိုးတစ်လုံးစီ ကိုင်ခဲ့ကြသည်။(သူကြီး ၇း၁၅-၁၆)

၈။ ဂိဒေါင်၏လူများသည် တံပိုးတလုံးနှင့်မီးခွက်ပါသောအိုးတလုံးဖြင့် မည်သို့လုပ်ဆောင်ခဲ့ကြသနည်း။
သူတို့သည် တံပိုးမှုတ်၍အိုးများကို ဖြိုခွဲခဲ့ကြသည်။(သူကြီး၇း၁၉-၂၀)

၉။ ဂိဒေါင်၏လူများသည် စစ်ပွဲသို့ချီတက်သောအခါ မည်သို့ဟစ်ကြွေးကြသနည်း။
"*ထာဝရဘုရားနှင့်ဂိဒေါင်၏ထား*" ဟုဟစ်ကြွေးခဲ့ကြသည်။ (သူကြီး ၇း၁၈)

၁၀။ မိဒျန်လူမျိုးများအပေါ် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
သူတို့သည် သူတို့မြေမှ နှင်ထုတ်ခြင်းခံခဲ့ကြသည်။(သူကြီး ၈း၂၈)

*ရွှေကျမ်းချက်။ ။"ဘုရားသခင်ထတော်မူ၍၊ ရန်သူတို့သည် အရပ်ရပ်သို့ကွဲပြားကြပါစေသော။" (ဆာလံ ၆၈း၁)*



Copyright © Gratia Dei Sola Media

သင်ခန်းစာ (၂၃)

## ရှံဆုန်အကြောင်း

တရားသူကြီးမှတ်စာ ၁၃ - ၁၆

၁။ ဖိလိတ္တိလူတို့ကို ချေမှုန်းတိုက်ဖျက်ရန် ဘုရားသခင်သည် မည်သူကို ရွေးကောက်ခဲ့သနည်း။
ရှံဆုန်ကို ရွေးကောက်ခဲ့သည်။ (သူကြီး ၁၃း၂၄-၂၅၊ cf အခန်းငယ် ၅)

၂။ ကောင်းကင်တမန်သည် ရှံဆုန်၏မိဘများထံ မည်သည့်အရာပြောခဲ့သနည်း။
သူသည် နာဇရိလူဖြစ်လိမ့်မည်ဟု ပြောခဲ့သည်။ (သူကြီး ၁၃း၃-၅)

၃။ ရှံဆုန်သည် အားလုံးကို တယောက်တည်းမည်သို့တိုက်ခိုက်ချေမှုန်းနိုင်ခဲ့သနည်း။
ဘုရားသခင်၏ဝိညာဉ်တော်သည်သူ့ကို အလွန်အားသန်စေခဲ့သည်။(သူကြီး ၁၄း၅-၆၊၁၉၊၁၅း၁၄-၁၅)

၄။ ရှံဆုန်သည် အဘယ်ကြောင့် မြေခွေးအကောင် ၃၀၀ကို ဖမ်းဆီးခဲ့သနည်း။
ဖိလိတ္တိလူတို့၏ စပါးခင်းများမီးလောင်ကျွမ်းစေရန် အတွက်ဖြစ်သည်။ (သူကြီး ၁၅း၄-၅)

၅။ သူသည် မေးရိုးဖြင့် မည်သည့်အရာကို လုပ်ဆောင်ခဲ့သနည်း။
သူသည် ဖိလိတ္တိလူအယောက် တစ်ထောင်ကို သတ်ခဲ့သည်။(သူကြီး ၁၅း၁၄-၁၅)

၆။ ရှံဆုန်သည် မြို့တံခါးများကို မည်သို့ပြုခဲ့သနည်း။
သူသည် ၎င်းတို့ကို တောင်ကုန်းပေါ်သို့ သယ်သွားခဲ့သည်။(သူကြီး ၁၆း၂-၃)

၇။ ရှံဆုန်သည် မည်သည့်အပြစ်ကို လွန်ကျူးခဲ့သနည်း။
သူသည် အလွန်ဆိုးသောမိန်းမများနှင့် အိမ်ထောင်ပြုခဲ့သည်။ (သူကြီး ၁၆း၄)

၈။ ရှံဆုန်သည်သူ၏ဆံပင်များ ရိတ်သောအခါ မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
ရှံဆုန်သည် သူ၏ခွန်အားများ ဆုံးရှုံးသွားခဲ့သည်။(သူကြီး ၁၆း၁၇-၁၉)

၉။ ဖိလိတ္တိလူများက ရှံဆုန်အပေါ် မည်သည့်အရာပြုခဲ့ကြသနည်း။
သူတို့သည် သူ၏မျက်စိကို ဖောက်၍ ထောင်အိမ်၌လှောင်ထားခဲ့ကြသည်။(သူကြီး ၁၆း၂၁)

၁၀။ ဘုရားသခင်သည် ဖိလိတ္တိလူများ၏ဗိမာန်တွင် ရှံဆုန်၏ဆုတောင်းသံကို နားညောင်းခဲ့သလား။
နားညောင်းခဲ့သည်။ ဗိမာန်တော်ပြိုကျသောအခါ ဖိလိတ္တိလူများစွာ သေဆုံးခဲ့ကြသည်။(သူကြီး ၁၆း၂၆-၃၀)

*ရွေကျမ်းချက်။ ။"ထာဝရဘုရားသည် ငါ၏အလင်း၊ငါ့ကိုကယ်တင်သောအရှင်ဖြစ်တော်မူ၏။ ငါသည် အဘယ်သူကို ကြောက်ရအံ့နည်း။"* *(ဆာလံ ၂၇း၁)*



သင်ခန်းစာ (၂၄)

## ရုသအကြောင်း

ရုသဝတ္ထု

၁။ နောမိသည် အဘယ်ကြောင့် မောဘပြည်သို့သွားခဲ့သနည်း။
ဣသရေလပြည်၌အစာခေါင်းပါးသောကြောင့်ဖြစ်သည်။(ရုသ ၁း၁)

၂။ သူမ၏သားနှစ်ယောက်တို့သည် မောဘပြည်တွင် မည်သည့်အရာကို လုပ်ဆောင်ခဲ့ကြသနည်း။
သူတို့သည် မောဘမိန်းမများနှင့် အိမ်ထောင်ပြုခဲ့ကြသည်။(ရုသ ၁း၂-၄)

၃။ နောမိ၏မိသားစုသည် မောဘပြည်တွင် ကောင်းချီးခံစားခဲ့ကြသလား။
မခံစားခဲ့ပေ။ သူမ၏ခင်ပွန်းနှင့်သားနှစ်ယောက်တို့သည် သေဆုံးခဲ့ကြသည်။(ရုသ၁း၃၊၅ cf ၂၀-၂၁)

၄။ နောမိသည် သူမ၏မိသားစုတွင် ဖြစ်ပျက်သော သေဆုံးခြင်းများမှ မည်သည့်သင်ခန်းစာ ရရှိခဲ့သနည်း။
သူမသည် ဘုရားသခင်၏ကောင်းချီးမင်္ဂလာရလိုလျှင် ဣသရေလပြည်သို့ပြန်လှည့်စေရန်ဖြစ်သည်။
(ရုသ ၁း၆)

၅။ ရုသနှင့်ဩပရတို့သည် နောမိနှင့်အတူ ပြန်လိုက်သွားခဲ့ကြသလား။
မလိုက်ခဲ့ကြပေ။ ရုသတစ်ဦးသာ သူ့နောက်သို့လိုက်သွားခဲ့သည်။ (ရုသ ၁း၇-၁၄)

၆။ ရုသသည် အဘယ်ကြောင့်နောမိနှင့်အတူလိုက်ခဲ့သနည်း။
သူမသည် ဘုရားသခင်ကို အလွန်ချစ်သောကြောင့်ဖြစ်သည်။(ရုသ ၁း၁၆-၁၇၊ ၂း၁၂)

၇။ ရုသသည် မည်သည့်အရာကို ပြောခဲ့သနည်း။
*"ကိုယ်တော်အမျိုးသည် ကျွန်မအမျိုး၊ ကိုယ်တော်ဘုရားသည် ကျွန်မဘုရားဖြစ်ပါစေ။"*(ရုသ ၁း၁၆)

၈။ ရုသသည် ဗောဇကို မည်သို့ဆုံတွေ့ခဲ့သနည်း။
သူမသည် ဗောဇ၏လယ်ပြင်သို့သွား၍ စပါးကျန်များကောက်သိမ်းချိန်မှာဆုံတွေ့ခဲ့သည်။(ရုသ ၂း၁-၃)

၉။ ဗောဇသည် ရုသအတွက် မည်သည့်အရာကို လုပ်ဆောင်ပေးခဲ့သနည်း။
သူသည် သူမကိုကာကွယ်ခဲ့ပြီး၊ သူမအပေါ်သနားကြင်နာမှုကိုပြသခဲ့သည်။(ရုသ ၂း၈-၉၊ ၁၄-၁၆)

၁၀။ နောက်ဆုံးတွင် ရုသသည် ဗောဇနှင့်အိမ်ထောင်ပြုခဲ့သလား။
အိမ်ထောင်ပြုခဲ့သည်။ သူမသည် ဒါဝိဒ်၏ ကြီးမားသော အဘွားဖြစ်လာခဲ့သည်။(ရုသ ၄း၁၀၊ ၁၃-၁၇)

*ရွေကျမ်းချက်။ ။"ကျွန်မသည် ကိုယ်တော်ကို မစွန့်ပါရစေနှင့်။ နောက်တော်သို့မလိုက်ဘဲ ပြန်သွားစေခြင်းငှါ မပြုပါနှင့်။"* (ရုသ ၁း၁၆)



Copyright © Gratia Dei Sola Media

သင်ခန်းစာ (၂၅)

## ရှမွေလအကြောင်း

ဓမ္မရာဇဝင် ပထမစောင် ၁ - ၉

၁။ ဟန္နသည် ဘုရားသခင်ထံ မည်သည့်ဆုကို တောင်းခဲ့သနည်း။
ဟန္န သည် ဘုရားသခင်ကိုစေခံမည့်သူ သားတစ်ယောက်ကို တောင်းခဲ့သည်။ (၁ရာ ၁း၁၀-၁၁၊ ၁၅)

၂။ ဘုရားသခင်သည် သူမ၏ဆုတောင်းသံကို နားညောင်းခဲ့သလား။
နားညောင်းခဲ့သည်။ ဘုရားသခင်က သူမအား ရှမွေလကို ပေးခဲ့သည်။ (၁ရာ ၁း၁၉-၂၀)

၃။ ရှမွေလမိခင်က သူ့ကို မည်သည့်နေရာသို့ ခေါ်သွားခဲ့သနည်း။
ဘုရားသခင်၏အိမ်တော်တွင် အစေခံရန် ယဇ်ပရောဟိတ်ဧလိထံသို့ခေါ်သွားခဲ့သည်။(၁ရာ၁း၂၄-၂၈)

၄။ ရှမွေလသည် ငယ်ရွယ်သေးစဉ်ကာလတွင် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
ဘုရားသခင်သည် သူ့ကိုခေါ်၍ စကားပြောခဲ့သည်။ (၁ရာ ၃း၂-၁၀)

၅။ ဘုရားသခင်သည် ရှမွေလအား မည်သည့်အရာ ပြောခဲ့သနည်း။
ဧလိနှင့်သူ၏ဆိုးသွမ်းသောသားတို့သည် တစ်နေ့တွင် သေရကြလိမ့်မည်။ (၁ရာ ၃း၁၁-၁၄)

၆။ ဧလိ၏သားတို့သည် မည်သို့သေဆုံးခဲ့ကြသနည်း။
သူတို့သည် ဖိလိတ္တိလူတို့နှင့်စစ်မြေပြင်ထဲတွင် သေဆုံးခဲ့ကြသည်။(၁ရာ ၄း၁၁၊ ၁၆-၁၇)

၇။ ဤစစ်မြေပြင်တွင် အခြားမည်သည့်အရာများဖြစ်ပျက်ခဲ့သနည်း။
ဘုရားသခင်၏ပဋိညာဉ်သေတ္တာတော်သိမ်းသွားခြင်းခံခဲ့သည်။ (၁ရာ ၄း၁၁၊ ၁၇)

၈။ ပဋိညာဉ်သေတ္တာတော်သိမ်းသွားခြင်းသတင်းကို ဧလိကြားသိသောအခါ မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
သူသည် ထိုင်ခုံပေါ်ကလဲကျ၍ လည်ပင်းကျိုးခဲ့သည်။ (၁ရာ ၄း၁၈)

၉။ ဖိလိတ္တိလူတို့သည် ပဋိညာဉ်သေတ္တာတော်ကို အဘယ်ကြောင့် ဣသရေလလူများထံသို့ ပြန်ပို့ခဲ့ကြသနည်း။
ဘုရားသခင်သည် ဖိလိတ္တိလူများအပေါ် ကပ်ဆိုးကြီးစေလွှတ်ခဲ့သောကြောင့်ဖြစ်သည်။ (၁ရာ ၅း၁-၆း၂၊ ၇-၁၅)

၁၀။ လူတွေက ရှမွေလအား မည်သည့်အရာကို တောင်းလျှောက်ခဲ့ကြသနည်း။
သူတို့သည် ရှင်ဘုရင်တပါးကို တောင်းလျှောက်ခဲ့ကြသည်။ (၁ရာ ၈း၅-၂၂)

*ရွှေကျမ်းချက်။ ။"ရှမွေလက၊ အိုထာဝရဘုရား အမိန့်ရှိတော်မူပါ။ ကိုယ်တော်ကျွန်ကြားပါသည် ဟုလျှောက်လေ၏။"* (၁ရာ ၃း၁၀)



# Catechism Regime Guideline

1. **Toddler's Class** (understanding to 5 years old)
   a. Toddler's Catechism (52 Questions)
   b. My Bible Story Book by Dena Korfker (270 stories)
2. **Beginners I** (6/7 years old)
   a. Bible History Catechism – Beginners Book 1 of 3
   b. Bible History Catechism – Beginners Book 2 of 3
3. **Beginners II** (7/8 years old)
   a. Bible History Catechism – Beginners Book 3 of 3
   b. Catechism for Young Children – Intro to WSC
4. **Juniors I** (8/9 years old)
   a. Bible History Catechism – Juniors Book 1 of 2
   b. Bible History Catechism – Juniors Book 2 of 2
5. **Juniors II** (9/10 years old)
   Doctrine for Younger Children books A & B by James Beeke (20 lessons)
   Memory Verses / Character Building Supplement
6. **Seniors I** (10/11 years old)
   a. Bible History Catechism – Seniors Book 1 of 2
   b. Bible History Catechism – Seniors Book 2 of 2
7. **Seniors II** (11/12 years old)
   a. Westminster Shorter Catechism (107 Questions)
   b. Doctrinal Review
8. **Teens & Young Adults**
   Doctrine for Older Children books A & B by James Beeke (20 lessons)
   Westminster Confession of Faith

The above catechism class regime is for reference. It is adopted for use by Pilgrim Covenant Church since 1999. Parents and teachers may adjust the curriculum according to their needs.

Copyright © Gratia Dei Sola Media